မြဝတီ နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၃၂)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ထိုင်းနိုင်ငံ၊ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ်နှင့်အတူ ဒုတိယ အတွင်းရေးမှူးချုပ်၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယ စစ်ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံမှတာဝန်ရှိသူများတက်ရောက်ကြသည်။

စာမျက်နှာ ၁၅ ကော်လံ ၃ ★

ဆောက်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအာဏာတည်သည့် နေ့ရက်သတ်မှတ် စာ - ၇ သို့

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာ တက္ကသိုလ်တို့ရှိ နည်းပြများ နှင့်ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများ နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံ အမှာစကားပြောကြား စာ -၁၆ သို့

မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း စာ -၁၄ သို့

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ဆောင်းပါး စာ -၁၃ သို့

ယနေ့ဖတ်စရာ

နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သောပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့် ထောက်ပံ့ထားရှိ စာ - ၅ သို့

၆၆ ကေဗွီ ပုသိမ် ငရုတ်ကောင်းတောင်-(ကံကုန်း)ဓာတ်အားလိုင်း ဓာတ်အား ပြတ်တောက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက် စာ - ၂၅ သို့

တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရောင်းချပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
သတင်းကြေညာချက်
၂၀၂၆-ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်

၁။ ၂၀၂၇-ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၃ ▼

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရောင်းချပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
သတင်းကြေညာချက်
၂၀၂၆-ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်

၁။ ၂၀၂၇-ခုနှစ်တွင် ကျင်းပမည့် စက်မှု၊ စိုက်ပျိုး၊မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်)

အနုပညာအရည်အသွေး ပိုမိုမြင့်မားတိုးတက်စေရေး

အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ဖြစ်တည်မှု သမိုင်းအစမှတစ်ဆင့် လွတ်လပ်ရေးနှင့်အတူ ပိုင်ဆိုင်ခဲ့သည့် မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ခြင်းဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိရာတွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ဟူသော ဒို့တာဝန်အရေးသုံးပါးထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသကဲ့သို့ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် အနုသုခုမစာပေယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန်တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့်အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲကို ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ စတင်ကျင်းပသည်။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေး တပ်များ၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကိုကျင်းပခြင်း အားဖြင့် ပြည်သူ့ဆက်ဆံရေးတပ်များတွင်တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏အနုပညာ အရည်အသွေးပိုမိုတိုးတက်မြင့်မားခြင်း၊ မြန်မာ့အငြိမ့်သဘင်တိမ်ကောပပျောက်မှုမရှိစေရန် ထိန်းသိမ်းခြင်း၊ အနုပညာအဆင့်အတန်းတိုးတက်မြင့်မားပြီး မြန်မာမှုစစ်စစ်အနုသုခုမပညာရပ်အဖြစ် ထည်ဝါစွာ ရပ်တည်နိုင်ခြင်း၊ အငြိမ့်ပညာရပ်များ၊ မြန်မာ့ဆိုင်းနှင့်ပတ်သက်သည့် သဘင်သုခုမအနုပညာရပ်များတွင် အရည်အသွေးပိုမိုမြင့်မားတိုးတက်ခြင်း စသည့်ကောင်းကျိုးများတိုးပွားစေမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဩဂုတ်လ ၂၆ ရက်ကကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲဖွင့်ပွဲတွင် အမှာ စကားပြောကြားစဉ် **"ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် တာဝန်သုံးရပ်သည် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏မူလရည်မှန်းချက်တာဝန်များပင်ဖြစ်ကြောင်း၊ မူလရည်မှန်းချက်တာဝန်သုံးရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်တိုင်းတွင် ပင်ကိုဗီဇ၊ ဝါသနာ၊ ပါရမီဆိုသည့် စိတ်အခြေခံကောင်းများ ကနဦးရှိနေရန်လည်းလိုအပ်ကြောင်း၊ စိတ်အခြေခံကောင်းများမှ တစ်ဆင့် စာပေ၊ ဂီတ၊ အနုပညာဆိုသည့် ကျွမ်းကျင်ရာနယ်ပယ်ကိုဝင်ရောက်ပြီး တပ်ဖွဲ့၏မူလတာဝန်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့်တပ်မတော်အတွက် မရှိမဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်စေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

ပင်းယခေတ်တွင် ငါးစီးရှင်ကျော်စွာသည် "ကာချင်း"ကို ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့ပြီး ရဲမက်အပေါင်းတို့သည် ဒိုင်း၊ ဓား၊ လှံတို့ကိုကိုင်ပြီး ညီညာဖြဖြသီဆိုကာ ကခုန်ခဲ့ကြသည်။ "တာဝတိံသာနတ်ရွာလော၊ နတ်ရွာလော၊ ဟုတ်တည်း ရှင်ချင်းရှင်ချင်း"အစချီသောကာချင်းသည် ယနေ့တိုင် ကျောင်းသင်ခန်းစာများတွင် ပြဋ္ဌာန်းသင်ကြားပေးလျက်ရှိသည်အထိ အမွေကောင်းကျန်ရစ်သည်။ စာပေ၊ ဂီတ အနုသုခုမဆိုသည်မှာ လူတို့၏စိတ်ကို နူးညံ့ပျော့ပျောင်းစေသကဲ့သို့ မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်တို့ကိုလည်း နိုးထစေသည်။

ယခုကျင်းပလျက်ရှိသည့် ပြိုင်ပွဲသည် မိမိတို့နှလုံးသားထဲတွင် ပိုင်ဆိုင်ထားသည့် အနုပညာ၊ ပင်ကိုရှိပြီးသည့် အနုပညာဗီဇ၊ ပါရမီတို့နှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်အစစ်အမှန်ကို ဖော်ထုတ်ပြသကြရမည့် ပြိုင်ပွဲတစ်ရပ်ဆိုသည့်အသိထက်ကျော်လွန်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အပေါ် စောင့်ရှောက်နိုင်ရန်ဆိုသည့် အသိ၊ တပ်ဖွဲ့ဝင်များ၏ အနုပညာကိုယ်ရည်ကိုယ်သွေးမြင့်မားရေးဆိုသည့်အသိများထိတိုင်ရှုမြင်ပြီး မဆုတ်မနစ်ကြိုးစားယှဉ်ပြိုင်လျှောက်လှမ်းသွားကြရန်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

သင်(FM)အသံလွှင့်အစီအစဉ်

၂၈-၈-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍာ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

မြဝတီ ခနဉ်စံ
MyawadyDaily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးရဲစိုးအောင်

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၁၈၊ ၀၃၄-၇၃၀၀
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မြိတ်မြို့နှင့် မြစ်ကြီးနားမြို့တို့ရှိ သံဃာတော်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သံဃာတော်များနှင့် ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိနတ်မော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ အခြေပြု၍ အဆိုပါကျောင်းရှိ သံဃာတော် ၁၅ ပါးနှင့်ကျောင်းသား၊ ကျောင်းသူ ၉၈ ဦးတို့အား အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော်အမှူးပြုသော သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အလားတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိဆုတောင်းပြည့်ကျောင်းတိုက်အတွင်း၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၂၇

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍ စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ကြို့ပင်ဆိပ်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်း၊ ရဲဘော်သုံးကျိပ်သမိုင်း၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့်သံချပ်ကာများ၊ တပ်မတော် (ရေ)ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်းသိရသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို အသီးသီး ဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။





“ကျွန်မတို့ရဲ့ကျောင်းသား၊ ကျောင်းသူတွေဟာ စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အတွက် နိုင်ငံတော်ကို ကာကွယ်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ ရွှင်ရွှင်ချွဲချွဲတိုက်ခိုက်ခဲ့တဲ့ သတ္တိ၊ ဇွဲ၊ လုံ့လ၊ ဝီရိယကိုလည်း ကိုယ်တိုင်တွေ့မြင်ရမှာဖြစ်ပါတယ်။ တိုက်ပွဲမှာ အသုံးပြုခဲ့တဲ့ စစ်လက်နက်ပစ္စည်းတွေ၊ စစ်အသုံးအဆောင်ပစ္စည်းတွေကို ကလေးတွေဟာ သင်ခန်းစာထဲမှာပဲ ဖတ်ခဲ့ရတာမဟုတ်ဘဲ အပြင်မှာ တကယ့်လက်တွေ့ ကလေးတွေ မြင်တွေ့ခဲ့ရတဲ့အတွက် ဗဟုသုတအများကြီး ရရှိလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်ရှင့်။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ကြို့ပင်ဆိပ်)မှ ကျောင်းသား၊ ကျောင်းသူများကို လေ့လာရေးပို့ဆောင်ပေးတဲ့တာဝန်ရှိ အကြီးအကဲများကို ကျေးဇူးအများကြီး တင်ရှိပါတယ်ရှင်”ဟု ဆရာမတစ်ဦးက ပြောသည်။

“သမီးအနေနဲ့ကတော့ စစ်သမိုင်းပြတိုက်ကို လာရောက်တဲ့အတွက် ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ မြန်မာ့သမိုင်းအကြောင်းတွေရော၊ တပ်မတော်ရဲ့ သမိုင်းအကြောင်းတွေရော၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် ဆောင်ရွက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်အကြောင်းတွေရော အများကြီးဗဟုသုတရရှိခဲ့ပါတယ်။ သမီးတို့ကို အခုလိုမျိုး စစ်သမိုင်းပြတိုက်ကို လာရောက်ခွင့်ရအောင် ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူများ၊ တော်ဝင်ယာဉ်လိုင်းက တာဝန်ရှိသူတွေရော ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး သမီးတို့ကို လိုက်ပြပြီးတော့ ရှင်းပြပေးတဲ့ ဗိုလ်မှူးကြီးများ၊ အရာရှိကြီးများကိုရော အားလုံးကိုလည်း သမီးတို့က ကျေးဇူးတင်ပါတယ်”ဟု ကျောင်းသူတစ်ဦးက ပြောသည်။

(၁၀၀)

ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

"သူများက ကျွန်မကိုဘာများပြောကြသလဲ"ဟု ခင်စိန်ကြည်က စွန့်၍မေးလိုက်လျှင်-

ဝတ်လုံကြီးလည်း မေးမှမေးနိုင်ပေသည်ဟု အံ့သြဟန်လက္ခဏာနှင့် "ဘယ့်နယ်ပြောရမလဲ၊ သူများဒီလိုလုပ်ရင် နင်ဘယ့်နယ်ပြောမလဲ၊ သူများလည်း ဒီလိုပဲပြောတာပေါ့။ ကဲ ... ငါသွားဦးမယ်၊ စာရေးဖို့မမေ့နဲ့နော်"ဟုပြော၍ အိမ်ပေါ်မှဆင်းသွားလေ၏။

ခင်စိန်ကြည်လည်း ထိုင်ရာမှမထဘဲ သန်းခေါင်နီးသည့်တိုင်အောင် စဉ်းစားတွေဝေလျက် မျက်ရည်တဝဲဝဲနှင့်နေရစ်ရှာလေ၏။

တစ်နေ့သ၌ ညနေအချိန်တွင် ရာဇဝတ်ဝန်ထောက်မင်း သားအမိသားအဖသုံးယောက်တို့သည် ထမင်းပွဲတွင်ထိုင်လျက်နေကြစဉ် မိမိရီသည် ဖခင်ဝန်ထောက်ကြီးက ကြိမ်းမောင်း၍ထားသဖြင့် မျက်ရည်လည်လျက်ရှိနေရာ ဝန်ထောက်ကတော်ကြီးမှာလည်း လင်ဝန်ထောက်မင်းပြောသည့်အတိုင်း သဘောတူသည်ဖြစ်၍ မိမိရီအားလည်း သနားကရုဏာကြင်နာသောမျက်နှာထားနှင့် ကြည့်လျက်နေလေ၏။ ဝန်ထောက်ကတော်၏သဘောမှာ ဝန်ထောက်ကြီးက မိမိတို့နေအိမ်ကို မီးရှို့၍ပစ်လျှင် ကောင်းမည်ထင်သည်ဟုပြောခဲ့လျှင် သဘောတူမည်သာဖြစ်လေ၏။

ဝန်ထောက်မင်းသည် သမီးမိမိရီအား စိတ်ဆိုးရခြင်း၏အကြောင်းမှာ မိမိရီသည် လွန်ခဲ့သည့် ၃၊ ၄ နှစ်အတွင်း မိမိနှင့်ဂုဏ်ရည်မျှသူ ၃၊ ၄ ဦးတို့က လာရောက်ပြောဆိုကြသော်လည်း မည်သူ၏စကားကိုမျှလက်မခံဘဲ ငြင်းဆန်ခဲ့သောကြောင့်ဖြစ်လေသည်။ ယင်းနေ့ည၌လည်း ဝန်ထောက်မင်းက တော်သင့်သည်ဟု အောက်မေ့သောသူတစ်ယောက်ကို မိမိရီက ငြင်းဆန်လိုက်ပြန်သဖြင့် ဝန်ထောက်ကြီးသည် စားပွဲကိုလက်ဖြင့်ထုလျက် "နင် တမင်လုပ်တာ ငါသိတယ်၊ ငါစိတ်ဆိုးအောင် နင်က တမင်လုပ်တာ"

"မဟုတ်ပါဘူး ဖေဖေရယ်"

"ဒါဖြင့် ဘာဖြစ်လို့ ငါပြောတာနားမထောင်သလဲ" ဟုမေး၍ မိမိရီလည်း ဘာမှပြန်မပြောဘဲနေလျှင် "ပြောလေ ဘာဖြစ်လို့မပြောသလဲ၊ ဒီလူ ဘာဆိုစရာရှိသလဲ၊ ဘီအေလည်းအောင်တယ်၊ မြို့အုပ်လည်းဖြစ်တယ်၊ နင်က ဘာငြင်းဆန်စရာရှိသလဲ ပြောပါဦးလေ"



"ကျွန်မမှ မကြိုက်ဘဲ"

"ဘာဖြစ်လို့မကြိုက်ရသလဲ၊ အလကားပြောနေတာ၊ သူလာလည်တော့ ဘာဖြစ်လို့ နင်က စကားပြောရသလဲ"

"မိတ်ဆွေအဖြစ်နဲ့တော့ ချစ်ခင်ပါရဲ့၊ လင်အမှတ်နဲ့ဆိုတော့ ကျွန်မသူ့ကို မကြိုက်နိုင်ဘူး"

"ကောင်မကလေး ရူးပြီမှတ်တယ်၊ လင်မှမဟုတ်သေးဘဲနဲ့ အလကား လင်အဖြစ်နဲ့ချစ်ရမလား၊ လင်မဖြစ်သေးဘဲနဲ့ လင်လိုချစ်တယ်လို့ ဘယ်မှာကြားဖူးသလဲ" မိမိရီလည်း ပြန်၍မပြောတတ်ဘဲရှိနေလျှင် "အရပ်ထဲက ဘယ့်နယ်ပြောနေကြသလဲသိလား၊ ဟို ဘေချိုကြောင့် နင်လင်မရနိုင်ဘူးတဲ့၊ ဒီလိုပြောနေကြတဲ့အထဲ သူ့ကို ၃၊ ၄ ယောက်ရှိပြီ ပြောလာကြတာ၊ တစ်ယောက်မှ သဘောမကျနိုင်ဘူးတဲ့၊ တကယ်ဆိုတော့ အရှက်ပြေပဲဖြစ်ဖြစ် တစ်ယောက်ယောက်ယူလိုက်ဖို့ကောင်းတယ်"

"အရပ်ထဲကလည်း အသိကြသားပဲ ဖေဖေရယ်"

"သိ ဘာဖြစ်သလဲ၊ သိရင်ပြီးရောလား၊ နင်က ဘာဖြစ်လို့ မယူရသလဲ၊ နင်က အင်မတန်ခေါင်းမာတဲ့ကောင်မကလေး" စသည်ဖြင့် ပြောဆိုနေဆဲတွင် မောင်ထွန်းမြတ်လည်း အိမ်ပေါ်သို့ တက်လာလေ၏။

မောင်ထွန်းမြတ်မှာ ခင်စိန်ကြည်ထွက်သွားပြီးသည့်နောက် တစ်နှစ်ကျော်ကျော်ရှိခဲ့ရာ ရှေးအခါကကဲ့သို့ မျက်နှာရွှင်လန်းခြင်း၊ စိုးရိမ်သောကကင်းသော မျက်နှာထားရှိခြင်း၊ စကားရွှန်းပြောရန် ဝါသနာပါခြင်း စသည်တို့ကွယ်ပျောက်၍ ကွန်ဒြေရှိသောမျက်နှာထားနှင့်သာလျှင် ပေါင်းသင်းတတ်ကုန်၏။ မောင်ထွန်းမြတ်တက်လာ၍ မိမိရီလည်း ထွက်ပြေးမည်ကြံလျှင် ဝန်ထောက်ကြီးက "ဘယ်လဲ နေဦး၊ နင့်ငါပြောစရာရှိသေးတယ်၊ နင့်ကိုငါ လူရှေ့မှာတစ်မျိုး အရှက်ခွဲဦးမယ်"ဟုပြော၍ မိမိရီလည်း မျက်နှာပျက်လျက် ပြန်၍ထိုင်လျှင် "ကြည့်ပါဦးတော့ ကွယ် မောင်ထွန်းမြတ်၊ အရပ်ထဲက အလိုလိုမှ ပြောချင်ဆိုချင်ကြတဲ့အထဲ သူက ပြောစရာချည်းပဲလုပ်နေတယ်၊ အရပ်ထဲက သူ့မောင်ကြောင့် သူ လင်မရနိုင်ဘူးတဲ့ ပြောနေကြတုန်း၊ သူ့ကို ၃၊ ၄ ယောက်ရှိပြီပြောလာကြတာ၊ တစ်ယောက်မှ သဘောမကျဘူးတဲ့၊ အခုလည်းပဲ နောက်ရောက်လာတဲ့ မြို့အုပ်ကလေး မြင်လား၊ ဘီအေကလေးကွဲ့၊ ဒါများသူကမူရသေးသတဲ့၊ ငါလိုတော့ အရပ်ထဲကပြောတာနဲ့ ယူလိုက်မှာပဲ"ဟု ပြောသည်နှင့် မောင်ထွန်းမြတ်ကလည်း မိမိရီကိုကြည့်လိုက်ရာ မိမိရီမှာ ဦးခေါင်းကိုငုံ့လျက်သာနေလျှင် "ဘယ့်နယ်လဲကွဲ့ မောင်ထွန်းမြတ် ငါပြောတာမဟုတ်ဘူးလား"

"မိမိရီက အိမ်ထောင်ရက်သားပြုဖို့ စိတ်မရှိဘူးထင်ပါရဲ့"

"သူ့စိတ် ငါ သိပါတယ်ကွယ်၊ ငှါကို သက်သက်လုပ်နေတာပါ၊ ငါကယူစေချင်လို့ သူကမယူတာ၊ မယူနဲ့သာဆိုစမ်း တိတ်တိတ်လေးလိုက်ပြေးမှာ၊ ဒါနဲ့ မောင်ထွန်းမြတ် မင်းအခုတစ်လော နယ်ပိုင်ဝန်ထောက်မင်းအိမ် အင်မတန်သွားနေတယ်ဆို၊ နယ်ပိုင်ဝန်ထောက်မင်း သမီးကလည်း ခပ်ချောချောနဲ့ ငါသိပါတယ်ကွယ်၊ မင်းကဘာဖြစ်ဖြစ် ကုပ်ကုပ်ကြံတဲ့ လူကိုးကွယ်"

"ဦးက တယ်ကြားတတ်တာကိုး"ဟု ပြောလေ၏။ ထို့နောက် ဆက်လက်၍ ပြောဆိုကြရာတွင် ဝန်ထောက်ကြီးလည်း မောင်ထွန်းမြတ်သည် မိမိရီအား မိမိဘက်မှ လိုက်လိုက်လျောလျောမပြောဆိုသည်နှင့် အိမ်ပေါ်မှဆင်း၍ အလည်သွားလေ၏။

မိမိရီမှာ ခင်စိန်ကြည်တို့ ထွက်ပြေးကြသည့်နေ့မှစ၍ မောင်ဘချို၏အကြောင်းကို မောင်ထွန်းမြတ်အား စပ်၍မပြောဘဲရှိနေခဲ့လျှင် မောင်ဘချိုလည်း နောက်တစ်နေ့တွင်ပင် မန္တလေးမှ ထွက်ခွာသွားရှာလေ၏။ မိမိရီမှာ မောင်ထွန်းမြတ်နှင့်နှစ်ယောက်တည်းတွေ့သည့်အခါတို့၌ ဤအကြောင်းကို စကားစပ်၍ ပြောလိုလှသော်လည်း မောင်သက်ညွှန့်၏အကြောင်းပြောရန် အားနာသဖြင့် မောင်ထွန်းမြတ်က စတင်၍ပြောလိမ့်မည်ဟုမျှော်လင့်နေရာ မောင်ထွန်းမြတ်ကလည်း ၎င်းအကြောင်းနှင့်ပတ်သက်၍ တစ်ခွန်းမျှမပြောဘဲရှိလေ၏။ ဝန်ထောက်မင်းဆင်းသွားလျှင် မိမိရီလည်း စတင်၍စကားမပြောဘဲ ထိုင်နေလေလျှင်-

မောင်ထွန်းမြတ်က "ဘယ့်နယ်လဲ မိမိရီ၊ ဦးစိတ်ဆိုးပုံပြောစမ်းပါဦး" ဟု အနည်းငယ်ပြုံး၍မေးလျှင် မိမိရီလည်း ပြန်၍မပြောဘဲ မျက်နှာပျက်လျက်ရှိလေ၏။

ဆက်လက်ဖော်ပြပါမည်။

M League 2026 – 2027 ပြိုင်ပွဲအကြို Law of The Game အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ရန်ကုန် သြဂုတ် ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူး၍ M League 2026–2027 ပြိုင်ပွဲအကြို Law of The Game အလုပ်ရုံဆွေးနွေးပွဲ(၃/၂၀၂၆) ကို သြဂုတ်လ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးကိုကိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး ယခုနှစ် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲများတွင် ဒိုင်လူကြီးများဝတ်ဆင်မည့် Jogarbola ဒိုင်လူကြီးဝတ်စုံများကိုပေးအပ်ရာ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်က လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လုပ်ငန်းဌာန ဒါရိုက်တာ ဦးလှမင်းက နောက်ဆုံးပြောင်းလဲကျင့်သုံးလျက်ရှိသည့် ဥပဒေသစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကလပ်အသင်းများမှ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်ကြသည်။

ယခုနှစ် M League ပြိုင်ပွဲတွင် ဒိုင်လူကြီး စုစုပေါင်း ၄၀ ဦး(ကွင်းလယ်နှင့်အကူဒိုင်)၊ M League 2 နှင့် Myanmar Youth League ပြိုင်ပွဲများတွင် ဒိုင်လူကြီး စုစုပေါင်း ၅၃ ဦး(ကွင်းလယ်နှင့်အကူဒိုင်)၊ Myanmar Women League ပြိုင်ပွဲတွင် ဒိုင်လူကြီး စုစုပေါင်း ၂၅ ဦး (ကွင်းလယ်နှင့်အကူဒိုင်) တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနေရှင်နယ်လိဂ် ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးကိုကိုသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လုပ်ငန်းဌာန ဒါရိုက်တာ ဦးလှမင်း၊ မြန်မာနေရှင်နယ်လိဂ်အသင်းအသီးသီးမှ အမှုဆောင်အရာရှိချုပ်များ၊ အထွေထွေမန်နေဂျာများ၊ နည်းပြချုပ်နှင့်နည်းပြများ၊ အသင်းခေါင်းဆောင်များ၊ ဂိုးသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ဝန်းရံခ

(၈)ကြိမ်မြောက် သီတင်းကျွတ် ကျောက်မျက်ရတနာ အထူးဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် သြဂုတ် ၂၇

မြန်မာနိုင်ငံမှထွက်ရှိသော အရည်အသွေးမြင့်ရတနာမျိုးစုံနှင့် ရှားပါးကျောက်မျက်များကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်မည့် (၈)ကြိမ်မြောက် သီတင်းကျွတ်ကျောက်မျက်ရတနာအထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ရှိ Time City ၌ သုံးရက်တိုင်ကျင်းပမည်ဖြစ်သည်။

ယင်းပွဲတော်တွင် အရည်အသွေးမြင့်ရတနာအချောထည်များအပြင် အကြမ်းထည်ကျောက်မျက်များနှင့် မြင်တွေ့ရခဲသောရှားပါးရတနာမျိုးစုံကို တစ်နေရာတည်း၌ စုံလင်စွာခင်းကျင်းပြသရောင်းချမည်ဖြစ်ပြီး ပွဲတော်တွင် အနုပညာရှင်များလည်း ပါဝင်အားဖြည့်ဆင်နွဲကြမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို ကျောက်မျက်ရတနာစိတ်ပါဝင်စားသူများအနေဖြင့် မိမိနှစ်သက်ရာရတနာများအား စိတ်ကြိုက်ဝယ်ယူနိုင်ရန်နှင့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပွဲတော်ကာလမှာ အောက်တိုဘာလ ၁၆ ရက်မှ ၁၈ ရက်အထိဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် Time City ရှိ Jewellery Mall ၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၇

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့်ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင်များလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြည်ထောင်စုဝန်ကြီးဒေါက်တာချောချောစိန်ထံသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင်များ စုစုပေါင်း ၆၇၆၅၀ ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ဖြောင့်မတ်တည်ကြည်မှုရှိသည့် အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်နှင့်စဉ်းစားတွေးခေါ်မှုများကို ငယ်စဉ်ကတည်းက စွဲမြဲစွာပြုမူနေထိုင်နိုင်စေရန် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့လေ့ကျင့်ပျိုးထောင်ရန် အကောင်းဆုံးနှင့်အသင့်တော်ဆုံးနေရာမှာ စာသင်ကျောင်းများသာဖြစ်ပါကြောင်း၊



ကော်မရှင်အနေဖြင့် ပညာရေးကဏ္ဍတွင် လေ့လာကိုးကားနိုင်ရန်ရည်ရွယ်၍ထိုင်းနိုင်ငံအမျိုးသား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းဘာသာရပ်သင်ရိုးညွှန်းတမ်းများနှင့် UNODC (United Nations Office on Drugs and Crime) ၏ E4J (Education for Justice) မှ ပြုစုထားသည့် Module များကို တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များအဖြစ် ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ ယခုတစ်ကြိမ် အောက်ခြေအခြေခံကျောင်းများအထိဖြန့်ဝေနိုင်ရန် ထပ်မံလွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါကြောင်း၊ လူငယ်အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ကော်မရှင်မှပြုစုထားသည့် သင်ခန်းစာများကို သင်ရိုးညွှန်းတမ်းများတွင် လိုအပ်သလိုဖြည့်စွက်ထည့်သွင်းရေးဆွဲသင်ကြားဆွေးနွေးပေးနိုင်ပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာချောချောစိန်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့်ရောဘေးသင့်ခဲ့သော ပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့်ထောက်ပံ့ထားရှိ

ကျောင်းကုန်း ဩဂုတ် ၂၇




ယခုနှစ် ဇူလိုင်လကုန်ပိုင်းမှစ၍ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရောဘေးသင့်ခဲ့သောပြည်သူများအတွက်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ထောက်ပံ့ထားရှိမှုမှာ ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

အလားတူ ဝန်ကာအောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝင်နှစ်မြုပ်မှုများဖြစ်ပွားလျက်ရှိသော ရေကြည်မြို့နယ် ရေကြည်မြို့အားကစားရုံ၊သင်္ချိုင်းဒေါင့်ဘုန်းကြီးကျောင်း တို့ရှိ ရောဘေးရှောင်စခန်းများသို့ ယမန်နေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး အိမ်ထောင်စု ၁၉၂ စု၊ လူဦးရေ ၅၈၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် ရောဘေးသင့်ပြည်သူများအနက်မှ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ၅ နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူ စသဖြင့် ထိခိုက်လွယ်လူဦးရေ ၈၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများပေးအပ်ပြီး စုစုပေါင်း ငွေကျပ် ၇၃ ဒသမ၂ သိန်း ထောက်ပံ့နိုင်ခဲ့သည်။

ဆက်လက်၍ ကျောင်းကုန်းမြို့ရှိ မြို့ပေါက်ဆိန်ဘုန်းကြီးကျောင်း၊ ရတနာပုံဘုန်းကြီးကျောင်းနှင့် ဥယျာဉ်ကြီးဘုန်းတော်ကြီးကျောင်းများရှိ ရောဘေးရှောင်စခန်းများ၌ ရောဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ရေများကျဆင်း၍နေအိမ်သန့်ရှင်းရေး ဆောင်ရွက်ရာတွင် တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းအစရှိသည့် အများပြည်သူပိုင်နေရာများကို စုပေါင်းသန့်ရှင်းရေးဝိုင်းဝန်းလုပ်ဆောင်ရန်ပြောကြားပြီး စခန်းများရှိ ရောဘေးသင့်အိမ်ထောင်စု ၆၃၆ စုမှ လူဦးရေ ၂၂၈၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် အသက် ၇၀ နှစ်နှင့်အထက်သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ၅ နှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူ စသဖြင့် ထိခိုက်လွယ်လူဦးရေ ၉၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်ထောက်ပံ့ခဲ့ပြီး ထောက်ပံ့မှုစုစုပေါင်း ငွေကျပ် ၂၁၄ ဒသမ ၅၅ သိန်း ဖြစ်ကြောင်း သိရသည်။

မြဝတီ



၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

၂၀၂၆ ခုနှစ်နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများသည် မြို့နယ်ပေါင်းစုံ အသက် ၁၈ အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် နေပြည်တော် အမျိုးသမီးအားကစားဆပ်ကော်မတီမှတာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီးမီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးသံပြားပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတို့တွင် ဆုရရှိသည့် အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်အားကစားနှင့်ကာယပညာကော်မတီ နာယကက



အမျိုးသမီးတံခွန်စိုက်ဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်း၊ အမျိုးသားတံခွန်စိုက်ဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ကို တံခွန်စိုက်ဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် သြဂုတ် ၂၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



ကာလပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသား)တွင် ပြိုင်ပွဲဝင်တစ်ဦးသီဆိုယှဉ်ပြိုင်စဉ်။



ကာလပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ပြိုင်ပွဲဝင်တစ်ဦးသီဆိုယှဉ်ပြိုင်စဉ်။

နေပြည်တော် သြဂုတ် ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ကာလပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက စာဆိုစစ်သည် တေးသီချင်းဖြင့်လည်းကောင်း၊



ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသား)တွင် ပြိုင်ပွဲဝင်တစ်ဦးသီဆိုယှဉ်ပြိုင်စဉ်။



ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသမီး)တွင် ပြိုင်ပွဲဝင်တစ်ဦးသီဆိုယှဉ်ပြိုင်စဉ်။



အငြိမ့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



ပြဇာတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

ကာလပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၂၂ ဦးက တောင်တန်းပြာနဲ့ စစ်စခန်းတေးသီချင်းဖြင့်လည်းကောင်း အသီးသီး သီဆိုယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက သူရဲကောင်းအဓိပ္ပာယ်များသီချင်းဖြင့် လည်းကောင်း၊ ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၂၂ ဦးက ရှားရှားမိုက်မိုက်အချစ်သီချင်းဖြင့် လည်းကောင်း အသီးသီး သီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင်နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့်ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ဟသ်ာတ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးထွန်းကို မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၂၆
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၂၆)သည် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

▲ ရှေ့ဖုံးမှအဆက်

၂။ ၂၀၂၇-ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတစ်စောင်လျှင်(၅၀၀/-)နှင့် စာမေးပွဲဝင်ကြေးအတွက် (၂၀၀၀/-) တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်၂၀၂၆ ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ အပြာရောင်ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံ၌ ဖြေဆိုမည့်ဘာသာတွဲကို ရွေးချယ်ဖော်ပြရမည်ဖြစ်ပါသည်။

၄။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများမှ စာမေးပွဲဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀၀၀/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀) ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀၀၀/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည်စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့်ကတ်ပြားတွင် ဖော်ပြပါရှိသည့်ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့်ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၇။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

▼ တက္ကသိုလ်ဝင်စာမေးပွဲမှ

၂။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာတစ်စောင်လျှင် (၅၀၀/-)နှင့် စာမေးပွဲဝင်ကြေးအတွက် (၂၀၀၀/-) တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်၂၀၂၆ ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သွင်းရာ၌ ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်၊ ပန်းရောင်ဖြေဆိုခွင့် လျှောက်လွှာကတ်ပြားပုံစံဖြင့် အရောင်နှစ်မျိုးခွဲခြားသတ်မှတ်ထားပါသည်။

၄။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး(၂၀၀၀/-)တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏လက်ဝဲဘက်ထိပ်ပိုင်းတွင် ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများ၊ တွဲဖက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀၀၀/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀) ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင်ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့်ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၇။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ (၄/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် ဩဂုတ် ၂၆

မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ (၄/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက်မွန်ပြည်နယ်အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးက တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကိုအောင်မြင်စွာ ရပ်သိမ်းခဲ့ကြောင်း သိရသည်။

(၄၀၆)

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိ

မန္တလေး ဩဂုတ် ၂၇

မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အနီးကပ်ကြီးကြပ်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်(SOP)နှင့်အညီ ခေတ်မီနည်းပညာများဖြင့် ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအနေဖြင့် ၅၁ ဆူရှိခဲ့ပြီး ငါးဆူပြင်ဆင်ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲ ၂၁ ဆူရှိပြီးသမိုင်းဝင်လောကမာန်အောင် ဆုတောင်းပြည့်ရွှေစည်းခုံစေတီတော်မြတ်အား ခေတ်မီနည်းပညာများဖြင့် ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မဒူတဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမရပူရခရိုင် အမရပူရမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းများကို One Stop Service ဖြင့်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူ ၂၂၀ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များပေးအပ်သည်။

လမင်းစီမံချက်ဖြင့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့်ဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၉၀ ကျော်မှ ကျောင်းသား၊ ကျောင်းသူ ၅၂၀၈၈ ဦးကျော်ကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ဆေးဖက်ဝင်ရေဝါးရွက်နှင့် ယင်း၏အစွမ်းများ



ရေဝါးရွက် သို့မဟုတ် ကျောက်ကပ်အားဖြည့်ဆေးပင်သည် ရေကန်စွန်းရွက်နှင့်ပုံစံတူပြီး နွယ်ပင်တစ်မျိုးဖြစ်သည်။ ရေဝါးပင်သည် ထိပ်ပိုင်းတွင် ချွန်ချွန်လေးဖြစ်ပြီး ရိုးတံနှင့်အရွက်လေးများတွင် အမွေးပါးလေးများဖုံးအုပ်နေကာ အရောင်သည် ခရမ်း၊ အစိမ်း၊ မီးခိုး၊ ငွေရောင်နှင့် ကြေးရောင်ဟူ၍ အမျိုးမျိုးရှိသည်။

ရေဝါးပင်သည် အရှေ့တောင်အာရှနိုင်ငံများတွင် အများဆုံးစိုက်ပျိုးပေါက်ရောက်ပြီး မြန်မာနိုင်ငံ၌ နေအိမ်ခြံဝင်းအတွင်း ဆေးဖက်ဝင်အပင်အဖြစ် အများဆုံးစိုက်ပျိုးကြသည်။

ရေဝါးပင်စိုက်ပျိုးမှုပုံစံ

ရေဝါးပင်သည် စိုက်ပျိုးရလွယ်ကူပြီး အိုးလေးများနှင့်ဖြစ်စေ၊ မြေပြင်တွင်ဖြစ်စေ စိုက်ပျိုးနိုင်သည်။ မြေပွပွကိုကြိုက်ပြီး ရေကို တစ်နေ့တစ်ကြိမ် ပုံမှန်လောင်းပေးရုံဖြင့် လုံလောက်သည်။ နေရောင်ခြည်တိုက်ရိုက်ရသည့်နေရာ သို့မဟုတ် အရိပ်အနည်းငယ်ရသည့်နေရာမျိုးတွင် ကောင်းစွာဖြစ်ထွန်းသော်လည်း နေပူလွန်းပါက အရွက်များဝါသွားတတ်သည်။

ရေဝါးရွက်စားသုံးမှုပုံစံ

ရေဝါးရွက်ကို ဒေသအလိုက်၊ ရောဂါဖြစ်ပွားမှုအလိုက် ပုံစံအမျိုးမျိုးဖြင့် စားသုံးကြသည်။ အရွက်နုလေးများကို ရေစင်စင်ဆေးပြီး အတို့အဖြုပ်အဖြစ် သို့မဟုတ် အသုပ်ထဲထည့်ပြီး စားသုံးကြသည်။ ရေဝါးရွက်၏အရသာမှာ အနည်းငယ်ဖန်ခါးသည်။ ရေဝါးရွက်ကိုနေလှန်းပြီး အခြောက်ခံကာ လက်ဖက်ခြောက်အနေဖြင့် သောက်ကြသည်။ အရွက်ငါးရွက်မှ ၁၀ ရွက်ခန့်ကို ရေနွေးပွက်ပွက်ဆူထဲထည့်စိမ်ပြီး နေ့စဉ် ရေနွေးကြမ်းအဖြစ်သောက်သုံးခြင်းဖြင့် သွေးတိုး၊ ဆီးချိရောဂါကို သက်သာပျောက်ကင်းစေနိုင်သည်။

ရေဝါးရွက်တွင်ပါဝင်သောအာဟာရ တန်ဖိုးများ

ရေဝါးရွက်တွင် ဆေးဖက်ဝင်အပင်အခြေခံဓာတုဒြပ်ပေါင်းများအပြင် ခန္ဓာကိုယ်အတွက်အကျိုးပြုသည့် အာဟာရတန်ဖိုးများလည်း ပြည့်စုံစွာပါဝင်သည်။ ခန္ဓာကိုယ်၏ဆဲလ်များ၊ ကြွက်သားများကို ပြုပြင်တည်ဆောက်ပေးသည့် အမိုင်နိုအက်စစ်အမျိုးအစားပေါင်း ၁၀ မျိုးကျော်ပါဝင်ပြီး ယင်းတို့ထဲတွင် ခန္ဓာကိုယ်မှ သဘာဝအတိုင်း မထုတ်လုပ်နိုင်သည့် မရှိမဖြစ် အမိုင်နိုအက်စစ်များဖြစ်သည့် Lysine၊ Leucine၊ Isoleucine နှင့် Methionine တို့ပါဝင်သည့်အတွက် အပင်အခြေခံအာဟာရဓာတ်တစ်ခုဖြစ်သည်။ ရေဝါးရွက်တွင် ခန္ဓာကိုယ်၏ဇီဝကမ္မဖြစ်စဉ်များအတွက် အရေးပါသည့် ကယ်လ်စီယမ်နှင့် မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်၊ သံဓာတ် စသည့် သတ္တုဓာတ်များ မြင့်မားစွာပါဝင်သည်။ ခန္ဓာကိုယ်အတွက် အရေးပါသော အာဟာရဓာတ်များဖြစ်သည့် ဗီတာမင် – A၊ ဗီတာမင်– C နှင့် ဗီတာမင်– E တို့ ပါဝင်သည့်အပြင် အမျှင်ဓာတ်လည်း ကြွယ်ဝစွာပါဝင်သည်။

ရေဝါးရွက်ထဲတွင်ပါဝင်သော Phytochemicals များ

သုတေသနပြုချက်များအရ ရေဝါးရွက်ထဲတွင် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများကို လျော့ချပေးပြီး နှလုံးနှင့်သွေးကြောများကို ကာကွယ်ပေးသည့် အစွမ်းထက် Flavonoids နှင့် Polyphenols ကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး ဆီးချိရောဂါကိုသက်သာစေရန် ကူညီပေးသည့် Triterpenoids ပါဝင်ခြင်း၊ သွေးတွင်းမကောင်းသည့် ကိုလက်စထရောကို လျော့ချပေးနိုင်သည့်အတွက် သွေးတိုးရောဂါသည်များအတွက် အထူးသင့်လျော်သည့် Phytosterols စသည့် သဘာဝဓာတုဒြပ်ပေါင်းများ ကြွယ်ဝစွာပါဝင်နေသည်။

ဆေးဖက်ဝင်အကျိုးကျေးဇူးများ

ရေဝါးပင်ကို ဂျမေကာ၊ မလေးရှား၊ တရုတ်နှင့် မက္ကစီကိုနိုင်ငံတို့၏ တိုင်းရင်းရိုးရာဆေးများ ဖော်စပ်ရာတွင်လည်း ကောင်း၊ ရေနွေးကြမ်းနှင့်တွဲစပ်ပြီး အအေးမိခြင်း၊ တီဘီရောဂါနှင့် သွေးဖိအားပြဿနာများကုသရာတွင်လည်းကောင်း အသုံးပြုကြသည်။

ကျောက်ကပ်အားဖြည့်ပေးခြင်း

ရေဝါးရွက်သည် လူ့ခန္ဓာကိုယ်တွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပြီး ပျက်စီးစပြုနေသော ကျောက်ကပ်အတွက် အသုံးပြုနိုင်သည့် အပင်တစ်မျိုးဖြစ်သည်။ ကျောက်ကပ်ပျက်စီးသွားလျှင် ဆေးကုသရန်ခက်ခဲပြီး နောက်ဆုံး ကျောက်ကပ်ပျက်စီးသွား၍ ကျောက်ကပ်အစားထိုးပြီး ကုသသော်လည်း ဆေးဝါးနှင့်ကျန်းမာရေးကို သေချာဂရုမစိုက်လျှင် အသက်သေဆုံးနိုင်သည်။ ထို့ကြောင့် လူတိုင်း ကျောက်ကပ်ကို မပျက်စီးခင်ကတည်းက သေချာဂရုစိုက်ကြရန်လိုအပ်သည်။ မြေအိုးအတွင်း ရေဝါးရွက် ၁၅ ရွက်ခန့်ကို ရေကို ရေနွေးကြမ်းပန်းကန် ခြောက်ခွက်ထည့်၍ ခြောက်ခွက်နှစ်ခွက် တင်ကျန်အောင်ကျိုပြီး အဖတ်များကိုဖယ်ကာ တစ်နေကုန် အနည်းငယ်စီ သောက်သုံးပေးခြင်းဖြင့် ဆီးကျန်ခြင်း၊ ဆီးပူခြင်းများကို သက်သာစေခြင်း၊ ကျောက်ကပ်အဆိပ်ကိုကျစေခြင်း၊ ကျောက်ကပ်ကြောင့် ဖောရောင်ခြင်းများကိုသက်သာစေခြင်း၊ ပျက်စီးစပြုနေသော ကျောက်ကပ်များကို ပြန်လည်သန့်ရှင်းကောင်းမွန်လာစေခြင်း စသည့် ကျောက်ကပ်ဆိုင်ရာ ရောဂါများကို သက်သာပျောက်ကင်းစေနိုင်သည်။

ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်း

ရေဝါးရွက်တွင် ပိုတက်ဆီယမ်ပါဝင်သောကြောင့် သွေးပေါင်ချိန်ကိုတည်ငြိမ်စေပြီး နှလုံးကျန်းမာရေးကို ကာကွယ်ပေးသည့်အပြင် ဆီးချို၊ သွေးချိုဓာတ်ကို ကျဆင်းစေရန် သဘာဝအတိုင်းအထောက်အကူပြုပြီး သံဓာတ်ပါဝင်သောကြောင့် သွေးအားကောင်းစေကာ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည်။

ဆီးချိထိန်းညှိပေးခြင်း

ရေဝါးရွက်ကို နာတာရှည်ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်သည့် ဆီးချိရောဂါရှိသူများတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိရန်အသုံးပြုကြသည်။ ဆီးချိရောဂါသည် သွေးတွင်းသကြားဓာတ်ကိုမြင့်တက်စေသည့် ကျန်းမာရေးပြဿနာတစ်ခုဖြစ်ပြီး အချိန်ကြာလာသည်နှင့်အမျှ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သကဲ့သို့ ကျောက်ကပ် ထိခိုက်မှုအပါအဝင် ပြင်းထန်သည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကိုလည်းဖြစ်စေနိုင်သောကြောင့် ဆီးချိရှိသူများအနေဖြင့် ရေဝါးရွက်အဆီအနှစ်များကိုအသုံးပြုခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်သည်။

သွေးတိုးရောဂါသက်သာစေခြင်း

ရေဝါးရွက်သည် သွေးပေါင်ချိန်ကိုထိန်းညှိပေးနိုင်သည့်အတွက် သွေးတိုးသက်သာစေရန် ရေဝါးရွက်ကိုအသုံးပြုပေးခြင်းဖြင့် သွေးပေါင်ချိန်မြင့်တက်မှုကို ကာကွယ်ပေးနိုင်သည်။

အစာအိမ်နှင့်အူလမ်းကြောင်း ကောင်းမွန်စေခြင်း

ရေဝါးရွက်တွင် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းမှန်စေသည့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ဝမ်းကိုက်ခြင်း၊ ဝမ်းပျက်ခြင်းနှင့် အစာအိမ်အနာဖြစ်ခြင်းများကို သက်သာစေသည်။

အရိုးနှင့်သွားများကိုသန်မာစေခြင်း

ရေဝါးရွက်တွင် ကယ်လ်စီယမ်နှင့် မဂ္ဂနီဆီယမ်တို့ပါဝင်သောကြောင့် အရိုးနှင့် သွားများကိုသန်မာစေပြီး ကြွက်သားနှင့် အာရုံကြော လုပ်ဆောင်ချက်များကို အထောက်အကူပြုသည်။

အမြင်အာရုံနှင့်အသားအရေ ကောင်းမွန်စေခြင်း

ရေဝါးရွက်တွင် ဗီတာမင်– A ပါဝင်သောကြောင့် အမြင်အာရုံနှင့် အသားအရေကောင်းမွန်စေပြီး ဗီတာမင်– C နှင့် ဗီတာမင်– E တို့ ပါဝင်သောကြောင့် ကိုယ်ခံအားကောင်းမွန်စေကာ ဆဲလ်များ မပျက်စီးစေရန် ကာကွယ်ပေးသည်။

အသားအရေကောင်းမွန်စေသော ရေဝါးရွက်

ရေဝါးရွက်သည် သွေးတွင်းမှအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည့် အာနိသင်ရှိသောကြောင့် သွေးသန့်စေမှုက အသားအရေကောင်းမွန်စေရန် ထောက်ကူပေးနိုင်သည်။

ဝက်ခြံနှင့်ဆားဝက်ခြံ သက်သာစေခြင်း

မျက်နှာတွင် အထူးသဖြင့် နှာခေါင်းနှင့် နှာခေါင်းတစ်ဝိုက်မှ ဝက်ခြံနှင့် ဆားဝက်ခြံများ သက်သာစေရန်အတွက် ရေဝါးရွက်ပြုတ်ရည်ကိုဖြစ်စေ၊ ရေစင်အောင်ဆေးပြီး ကြိတ်ထားသည့်အနှစ်ကိုဖြစ်စေ မျက်နှာပေါ်မှဝက်ခြံနှင့် ဆားဝက်ခြံများတွင် လိမ်းပေးနိုင်သည်။

အရေပြားပြဿနာကင်းစေခြင်း

ရေဝါးပင်သည် အရေပြားပြဿနာအမျိုးမျိုးကို သက်သာစေရန်အသုံးပြုနိုင်သော သဘာဝအပင်တစ်မျိုးဖြစ်သောကြောင့် အရေပြားတွင်ဖြစ်တတ်သည့် ပွေး၊ ဝဲ၊ ညှင်းတို့ကဲ့သို့ အရေပြားပြဿနာများကင်းဝေးစေရန် ရေဝါးရွက်ကို အသုံးပြုပေးနိုင်သည်။

အရေပြားရောင်ရမ်းခြင်းကို သက်သာစေခြင်း

ရေဝါးရွက်က ဝက်ခြံကြောင့် အရေပြားများရောင်ရမ်းခြင်းကို သက်သာစေရန် အတွက်လည်း အသုံးပြုပေးနိုင်သည်။ ဝက်ခြံများကြောင့် နီမြန်းရောင်ရမ်းနေပါက ရေဝါးရွက်ကိုကြိတ်ပြီးအုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

အရေးအကြောင်းများကို သက်သာစေခြင်း

ရေဝါးရွက်တွင် ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသောကြောင့် အရေပြားတွင် အရေးအကြောင်းများမဖြစ်စေရန် ကာကွယ်ပေးသကဲ့သို့ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။

အချုပ်အားဖြင့်ဆိုသော် ရေဝါးရွက်သည် သွေးတိုး၊ ဆီးချိကျစေရုံသာမက ခန္ဓာကိုယ်အတွက်လိုအပ်သည့် အမိုင်နိုအက်စစ်များ၊ အရိုးအဆစ်သန်မာစေသည့် ကယ်လ်စီယမ်၊ နှလုံးကိုစောင့်ရှောက်သည့် ပိုတက်ဆီယမ်နှင့် ဗီတာမင်ဓာတ်များပါ ပြည့်ဝစွာပါဝင်နေသည့်အတွက် ဆေးဖက်ဝင်သည့်အပြင် အာဟာရလည်းဖြစ်စေသော သဘာဝ၏လက်ဆောင်မွန်တစ်ခုဖြစ်သည်။ ရေဝါးရွက်သည် သဘာဝဆေးဖက်ဝင်သည်မှန်သော်လည်း သွေးပေါင်ချိန်နှင့်သွေးချိဓာတ် အလွန်အမင်းကျဆင်းသွားနိုင်သည့် အန္တရာယ်ရှိနိုင်သောကြောင့် မိမိခန္ဓာကိုယ်နှင့် သင့်လျော်သည့်ပမာဏခန့်သာ အသုံးပြုသင့်ကြောင်း ကျန်းမာရေးသုတအနေဖြင့် ရေးသားလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အလုံမြို့နယ်၌ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ရန်ကုန်အရှေ့ပိုင်းဆေးရုံအုပ်ကြီး ဒေါက်တာသူရဦးဆောင်သော ကုသရေးဦးစီးဌာနမှ အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်သူဇာ ဦးဆောင်သော အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အဖွဲ့သုံးဖွဲ့ ဖွဲ့စည်းကာ ဩဂုတ်လ ၂၆ ရက်က ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပူးပေါင်းအဖွဲ့ဝင်များသည် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့်တွေ့ဆုံပြီး လုပ်ငန်းအစီအစဉ်များရေးဆွဲကာ အဖွဲ့(၁)သည် အောက်ကြည့်မြင်တိုင်လမ်းရှိ စားသောက်ဆိုင်များနှင့်လူနေအိမ်များ၊ Mercy Learning Centre များသို့ လည်းကောင်း၊ အဖွဲ့(၂)သည် စောရန်ပိုင်တောင်ရပ်ကွက်ရှိကျောင်းလမ်း၊ ဥဝါလမ်း၊ နှင်းဆီလမ်းတို့သို့လည်းကောင်း၊ အဖွဲ့(၃) သည် စောရန်ပိုင်အနောက်ရပ်ကွက်ရှိ စကားစိမ်းလမ်း၊ သစ်တောလမ်း၊ နှင်းဆီကုန်းလမ်း၊ ဝေဘာဂီလမ်းတို့သို့လည်း ကောင်းသွားရောက်၍ စားသောက်ဆိုင်များရှိ ရေစည်ပိုင်းများတွင် ကလိုရင်းဆေးခတ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ Hand Speaker ဖြင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်သော အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ရွှေလုံသား(ပြန်/ဆက်)**

စက်ချုပ်နည်းပညာသင်တန်းတွင် ထူးချွန်သူများကို လုပ်ငန်းထူထောင်လုပ်ကိုင်ရန် လုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်မည်



ပဲခူး ဩဂုတ် ၂၇

ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့မှ ရဲတပ်ဖွဲ့ဝင်မိသားစုသင်တန်းသူ ၃၀ ဦးအတွက် စက်ချုပ်နည်းသင်တန်းကို ဩဂုတ်လ ၂၇ ရက်မှ အောက်တိုဘာလ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အမျိုးသမီး၀တ်အင်္ကျီ၊ လုံချည်၊ အမျိုးသား ဝတ်ရုပ်အင်္ကျီချုပ်နည်းများကို ကိုယ်တိုင်ချုပ်လုပ်နိုင်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားမည်ဖြစ်ကြောင်းနှင့် ထူးချွန်သည့်သင်တန်းသူ ၁၀ ဦးကို သင်တန်းဆင်းသည့်အခါ လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်း နှင့်ညီမျှသည့် လုပ်ငန်းသုံးစက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြီး သင်တန်းများမှ ကျေးလက်နေပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကိုဆက်လက် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဝေါမြို့နယ် ပြွန်စုကျေးရွာ၊ ကဝမြို့နယ် ပင်ကလောင်ကျေးရွာတို့၌ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နည်းသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတို့မှ ထူးချွန်သင်တန်းသူများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဥသဘတိုင်းသား

ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



မိုင်းပန် ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မိုင်းပန်)၌ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးထွန်းနေအောင်က အဖွင့်အမှာ စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက ပန်းဖွားနှင့် ဘင်ခရာအဖွဲ့၊ Fitness Dance အကများဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် ကျောင်းပေါင်းစုံ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဗိုလ်လုပွဲအဖြစ် မဟာဗန္ဓုလအသင်းနှင့် ကျန်စစ်သားအသင်းတို့ယှဉ်ပြိုင်ကစားရာ မဟာဗန္ဓုလအသင်းက ကျန်စစ်သားအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ပထမဆု၊ ဒုတိယဆု၊ နှစ်သိမ့်ဆု၊ အကောင်းဆုံးကစားသမားဆုရရှိသူ၊ ဂိုးသမားအကောင်းဆုံးဆုရရှိသူ၊ ရှေ့တန်း၊ နောက်တန်းအကောင်းဆုံးဆုနှင့် အသန့်ရှင်းဆုံးဆုရရှိသည့် အားကစားသမားများကို ဆုများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်းနော်မှိုင်း

ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်



ပျော်ဘွယ် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနမှဦးဆောင်၍ မီးသတ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်နေသူများ သိရှိတတ်မြောက်ထားသင့်သော ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဩဂုတ်လ ၂၇ ရက်တွင် ပျော်ဘွယ်မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းပို့ချရာတွင် ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုး၏ ကြိုးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်များကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေး နည်းဗျူဟာများ၊ ရှေးဦးပြုစုနည်းများ၊ ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်းများ၊ အသက်ကယ်ကြိုးချည်နည်းအမျိုးမျိုး စသည့်သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားပေးသည်။

အဆိုပါသင်တန်းသို့ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှအသင်းဝင်များ တက်ရောက်ကြောင်း သိရသည်။ (၄၀၂)

မေတ္တာအခါတော်နေ့

- မေတ္တာမျှဝေ၊ စိမ့်စမ်းရေသို့ များထွေသောက်သုံး၊ အေးမြဆုံးဟု ဆိုထုံးစကား၊ သိမှတ်ထားမိ ပွားရာမေတ္တာ၊ ချိန်ခါကျရောက် လွန်ဝမ်းမြောက်လျက်၊ မဖောက်မပြန် မေတ္တာမှန်ကို၊ ရှင်သန်စေကြောင်း စေတနာကောင်းဖြင့်၊ ပြန်ပြောင်းတသ သတိရစေ၊ တောင်းဆုခွေသည် များထွေလူတို့ သိစေဖို့။
- အခါတစ်ပါး၊ ရဟန်းများတို့ ဝင်သွားတောအုပ်၊ တရားထုတ်ရန် ကြိုးကုတ်ပိုမို၊ တောရိပ်ခိုသော် မလိုစိတ်ထား၊ ကြောက်လန့်သွားအောင် ကြံဆောင်ပြုအပ်၊ ဝိုင်းဝန်းကပ်၍ စောင့်ကြပ်နတ်ပေါင်း၊ ခြောက်လှန့်ကြောင်းဖြင့် ပြန်ပြောင်းပြေးလာ၊ မြတ်ဗုဒ္ဓါထံ ငါးရာရဟန်း အပြန်လမ်း။
- သုံးလူသခင်၊ ဘုရားရှင်လည်း တောဝင်သံဃာ၊ ထိုငါးရာကို ကြောက်ရာမဲ့ဝေး၊ မေတ္တာဆေးအဖြစ် သင်ပေးလိုက်မှ၊ စိတ်ချပြန်လျက် နှောင့်ယှက်ကင်းဝေး၊ နတ်ချစ်ဆေးကြောင့် အေးမြငြိမ်းချမ်း၊ တရားလမ်းကို ဖြောင့်တန်းမှန်စွာ၊ ကျင့်ကြပါသော် ရဟန္တာဘဝ ရောက်ခဲ့ကြ၏။။
- ရန်ငြိုးမထား၊ မေတ္တာပွား၍ လေးစားကြည်ညို၊ များပုဂ္ဂိုလ်တို့ ထိုမေတ္တာသုတ်၊ ဟောထုတ်မြွက်ကာ ဝါခေါင်လပြည့်၊ မြတ်သည့်နေ့ကို တည်သရွေ့ကမ္ဘာ၊ သိကြပါလိမ့် မေတ္တာတော်ပွား၊ စေတနာထားလျှင် သိန်းတင်မက၊ လျှဒါန်းရထက် ပိုကြအကျိုး၊ ရလိမ့်နိုးဟု တန်ခိုးတော်ရှင်၊ မြတ်သခင်က ဟောပြည့်နှန်လာ၊ ထားရှိပါသည် မေတ္တာအစွမ်း အံ့မခန်း။ ။

ဘိုမျိုး(ရွှေဘို)

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက် (၅) နှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၂၆

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ကြည်ညိုပူဇော်သည်။

ရှေးဦးစွာအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ဘဒ္ဒန္တာ ယဓမ္မဘိဝံသမဟာထေရ်မြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသောပရိတ်တရားတော်မြတ်ကို ရိုသေစွာနာယူကြည်ညိုကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်သံဃာတော်များနှင့်သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများထံ ဝါဆိုသင်္ကန်း၊ သီလရှင်ဝတ်ရုံလွှာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲတွင် ပဲခူးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၅ ကျောင်းမှ သံဃာတော်အရှင်သူမြတ် ၁၁၁ ပါး၊ ဝါဆိုသင်္ကန်း ၁၁၁ စုံ၊ သီလရှင်ကျောင်း ၁၁၅ ကျောင်းမှ သာသနာနွယ်ဝင်သီလရှင်ဆရာကြီး၊ ဆရာလေး ၂၄၇၄ ပါး၊ သီလရှင်ဝတ်စုံ ၂၄၇၄ စုံနှင့် လှူဖွယ်ဝတ္ထုများ စုစုပေါင်းငွေကျပ်သိန်း ၁၀၀၀ ကျော် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **ဥသာတိုင်းသား**

အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းမှ လုပ်ငန်းထူထောင်လိုသည့်ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ပေးအပ်



မုံရွာ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် "အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း" များမှ လုပ်ငန်းထူထောင်လိုသည့်ထူးချွန်သင်တန်းသူများကို လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှတာဝန်ရှိသူများ တက်ရောက်၍ စက်ချုပ်နည်းပညာသင်တန်းအတွက် အပ်ချုပ်စက်ပစ္စည်းများ၊ သဘာဝဆိုးဆေးနှင့် Botanical Printing လုပ်ငန်းသုံးပစ္စည်းများပေးအပ်ကာသင်တန်းသူများချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ယမန်နေ့ညနေပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စစ်ကိုင်းပညာရေးတက္ကသိုလ် ဘောလုံးအသင်းနှင့် မုံရွာတက္ကသိုလ် ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုရအသင်းများနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဂိုးသမား၊ နေရာအလိုက်အကောင်းဆုံးအားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဝန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဟသံဒတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝန်တာတာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင် ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ဝန်မြစ် (လေးမျက်နှာမြို့) ၏ မြစ်ရေမှတ်သည် ၂၈ ပေခန့်ရှိရာ မြစ်ရေမှတ်များကျဆင်းနေသည့်အတွက် ရေစီးဝင်လမ်းကြောင်း၏လက်ယာဘက်ခြမ်းအား နိုင်လွန်ကြိုးပိုက်များဖြင့်ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ဒဂုန်စာမရီ ရေယာဉ်ကြီးဖြင့် (အလျား ၄ မိတာ၊ အကျယ် ၂ မိတာ၊ ထူ သုည ဒသမ ၅ မိတာ) Geo Bag အိတ်ကြီးများချခြင်း၊ အလယ်ရေနက်ရေစီးကြောင်းတွင် Split Berge ရေယာဉ်ကြီးဖြင့် (အလျား ၁၀ မိတာ၊ အကျယ် ၂ မိတာ၊ ထူ သုည ဒသမ ၅ မိတာ) နှင့် (အလျား ၈ မိတာ၊ အကျယ် ၂ မိတာ၊ ထူ သုည ဒသမ ၅ မိတာ) Geo Bag အိတ်ကြီးများ ချခြင်း၊ လက်ဝဲဘက်ခြမ်းအား Steel Sheet Pile များ ရိုက်သွင်းခြင်း စသည့်လုပ်ငန်းများအား အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကြည့်ရှုစစ်ဆေးပြီး ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမူစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၏ပေါင်းစပ်ဆောင်ရွက်မှုများ ရှိသည်ဟု သိရသည်။

မြဝတီ



စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ဂ၁၇၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကုန်သွယ်ရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ်လ ၂၈ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ဂ၁၇၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာ နိုင်ကြောင်းသိရှိရသည်။

မြဝတီ

၂၇-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ်ကောင်းမွန်သော ကျေးရွာများဖော်ဆောင်သည့်အခါ သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်မှာကြား



နေပြည်တော် ဩဂုတ် ၂၇

စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ်ကောင်းမွန်သော ကျေးရွာများ၊ ခေတ်မီစနစ်ကျသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် ကျေးရွာများ ဖော်ဆောင်သည့်အခါ ကော်မတီဝင်ဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးဇေသိမ်းက ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်မတီ၏ ဒုတိယအစည်းအဝေးတွင် မှာကြားသည်။

အဆိုပါ အစည်းအဝေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်အောင် ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အတူတကွ ဆွေးနွေးညှိနှိုင်းအတည်ပြုနိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်၊ လအလိုက်ဆောင်ရွက်ပြီးစီးမှု၊ လမ်း၊ တံတား၊ ရေပေးရေး၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ စားရေရိက္ခာဖူလုံရေးဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ သွင်းအားစုနှင့် အရင်းမပျောက်ရန်ပုံငွေထူထောင်ပေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ လူမှုရေးကဏ္ဍဆိုင်ရာ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ



(၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

ဘန်ကောက် ဩဂုတ် ၂၇

(၂၉)ကြိမ်မြောက်အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Dusit Thani Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Anutin Charnvirakul က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ အလုပ်သမားရေးရာဝန်ကြီးများနှင့်အဆင့်မြင့် အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကာ အလုပ်သမားရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ခဲ့ကြသည်။

အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးသည် အာဆီယံအလုပ်သမားဝန်ကြီးများလုပ်ငန်းအစီအစဉ် (၂၀၂၆–၂၀၃၀) အရ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဆက်စပ်အစည်းအဝေးများမှ အလုပ်သမားရေးရာ ဆုံးဖြတ်ချက်များ၊ အဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားရေးရာဆောင်ရွက်ချက်များကိုဆွေးနွေးရန်နှင့် အာဆီယံအလုပ်သမားဝန်ကြီးများထံ တင်ပြအတည်ပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Phongsaysack Inthalath နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် လာအိုနိုင်ငံ၌ ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာလုပ်သားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသက်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သည့်လုပ်ငန်းအဖွဲ့ (Working Group)ဖြင့် ဆွေးနွေး၍ လုပ်ငန်းစဉ်များ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများတရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပို့နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် တရားဝင်အလုပ်လုပ်ကိုင်နိုင်ရေး၊ သက်သေခံလက်မှတ်များထုတ်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြဝတီ

ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ပိုမိုသိရှိနားလည်နိုင်ရေး ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများနှင့် ရပ်ရွာအခြေပြု တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား ဩဂုတ် ၂၇

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ဧရာဝတီမြစ်ဆုံ – မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသတွင်းရှိပြည်သူများနည်းပညာဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် အသိပညာဗဟုသုတပိုမိုသိရှိနားလည်စေရေး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ်ဒေသခံကော်မတီတို့က ရပ်ကွက်/ကျေးရွာအဆင့်ထိ ရပ်ရွာအခြေပြုပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများကို အဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် မိုင်းနားကျေးရွာအုပ်စု နောင်တာလော ကျေးရွာ သာသနာ့ရက္ခိတကျောင်းတိုက် ဓမ္မလင်္ကာရဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌေးက်တာအောင်ဝင်း ဦးဆောင်၍ ဒေသခံကော်မတီအဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်နှင့် အဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ၏ မေးမြန်းဆွေးနွေးတင်ပြမှုများအပေါ် သိသင့်သိထိုက်သည့် နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာ ပညာရှင်တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်



ရရှိမှုပေါ်မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာခြားသည့် နှိုင်းယှဉ်ဖော်ပြချက်များ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသာမက မိသားစုတစ်ခုချင်း၏ တိုးတက်မြင့်မားရေးသည် လျှပ်စစ်မီးသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သကဲ့သို့ ယနေ့နည်းပညာခေတ်တွင် လျှပ်စစ်မီးသည် မရှိမဖြစ်အသုံးပြုရန်လိုအပ်နေသည်ကို မိမိတို့အားလုံး သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့၏ ဆုံးဖြတ်ချက်သည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်ကို အားလုံးကသိရှိနားလည်လက်ခံကြရန်လိုအပ်ပြီး စီမံကိန်းအတွက် ပူးပေါင်းပါဝင်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

နံနက်ပိုင်းကလည်း မိုင်းနားကျေးရွာနယ်မြေ(၁)ရှိ ရွှေနဒီခန်းမ၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက မည်သို့စီမံထားသည်နှင့် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဧရာဝတီမြစ်တစ်လျှောက် နေထိုင်သူများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းတည်ဆောက်စဉ်ကာလအတွင်း မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ ခံစားခွင့်၊ အကျိုးအမြတ်၊ စိုးရိမ်ပူပန်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ပွင့်လင်းရင်းနှီးစွာဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရွှေကျင်မြစ်ရေနှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၃ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။


(မိုး/၈၀)

Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့်လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်

ယမန်နေ့မှအဆက်

(ဂ) စကားဝှက်မေ့လျော့နေပါက ပြန်လည်ရယူခြင်း

လျှောက်ထားသူသည် စကားဝှက်မေ့လျော့နေပါက **"စကားဝှက်မေ့နေပါသလား။"** ဟူသော Click နှိပ်ပါ။ စကားဝှက် ပြန်လည်ရယူရန်အတွက် အကောင့်ဖွင့်လှစ်စဉ်ကအသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်ကို ဖောင်တွင် မှန်ကန်စွာဖြည့်သွင်းရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"စကားဝှက် ပြန်လည်သတ်မှတ်လင့်ခ် ပို့မည်"** သို့မဟုတ် **"အတည်ပြုကုဒ်ပို့မည်"**ဟူသော Click နှိပ်ပါ။



ပုံ(၅) စကားဝှက်ပြောင်းရန်ဖောင်ပုံစံ





ပုံ(၇) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

စကားဝှက်ပြောင်းရန်အတွက် မိမိရွေးချယ်ခဲ့သည့်စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်။

(၁) ဖြည့်သွင်းခဲ့သောအီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ ပေးပို့လာမည့်အီးမေးလ်ကို ဝင်ရောက်စစ်ဆေးပြီး **"Reset Password"** ဟူသောစာသားကို Click နှိပ်ပြီး စကားဝှက်ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။

(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပြီး၊ အဆိုပါကုဒ်ကို စနစ်တွင် ရိုက်နှိပ်၍ **"Reset Password"** ဟူသော ခလုတ်(Button) နှိပ်ပြီး စကားဝှက်ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။





ပုံ(၆) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ်သို့ ပေးပို့လာသော စကားဝှက်ပြန်လည်သတ်မှတ်ခြင်း အတည်ပြုချက်ကိုလုပ်ဆောင်ပြီးပါက စနစ်မှ စကားဝှက်အသစ်သတ်မှတ်ရန် စာမျက်နှာသို့ လမ်းညွှန်ပေးမည်ဖြစ်သည်။

စကားဝှက်ပြန်လည်သတ်မှတ်ရန်စာမျက်နှာတွင် မိမိ၏အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ်မှန်ကန်စွာပေါ်နေခြင်း ရှိမရှိစစ်ဆေးပါ။ ထို့နောက် **"စကားဝှက်"**ကွက်လပ်တွင် မိမိအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ဆက်လက်၍ **"စကားဝှက် အတည်ပြုရန်"**ကဏ္ဍတွင် စကားဝှက်ကို ထပ်မံဖြည့်စွက်ပါ။ ဤကဏ္ဍတွင် ရိုက်နှိပ်သည့် စကားဝှက်သည် အထက်တွင်ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှုရှိရပါမည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက **"စကားဝှက်ပြန်လည်သတ်မှတ်မည်"**ဟူသော Click နှိပ်၍ စကားဝှက်ပြန်လည်သတ်မှတ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။ ထို့နောက် အကောင့်ဝင်ရန် စာမျက်နှာ(Login Form)တွင် မိမိတို့အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်နှင့်စကားဝှက်အသစ် (New Password)တို့ကို မှန်ကန်စွာ ဖြည့်သွင်းရမည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရပါမည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"** ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။


(ဃ) ကိုယ်ရေးအချက်အလက်များ (အမည်၊ အီးမေးလ်၊ ဖုန်းနံပါတ်) ပြင်ဆင်ခြင်း

လျှောက်ထားသူသည် မိမိ၏အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ်စသည့် ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို နှိပ်ပါ။


(၂) ပေါ်လာသော မီနူးဘားမှ **"ဆက်တင်များ" (Settings)** ကို နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းရှိ **"အကောင့်" (Account)** Tab သည် အလိုအလျောက် Active ဖြစ်နေမည်ဖြစ်ပြီး ညာဘက်ခြမ်းတွင် ကိုယ်ရေးအချက်အလက် ပြင်ဆင်ရန် စာမျက်နှာ ပေါ်လာမည်ဖြစ်ပါသည်။



ပုံ(၈) ကိုယ်ရေးအချက်အလက်ပြင်ဆင်ရန် ဖောင်ပုံစံ

အမည်ပြင်ဆင်ရန် – "အမည်"အကွက်တွင် အသစ်ပြင်ဆင်လိုသော အမည်ကိုရိုက်နှိပ်ပြီး **"သိမ်းမည်"** Click နှိပ်ရပါမည်။



ပုံ(၉) အမည်ပြင်ဆင်ရန် ဖောင်ပုံစံ

အီးမေးလ်လိပ်စာပြင်ဆင်ခြင်း

(၁) အီးမေးလ်လိပ်စာနေရာ၏ဘေးရှိ **"ပြောင်းရန်"**ကို Click နှိပ်ပါ။ ထိုအခါ အီးမေးလ်အသစ်ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခုပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **အီးမေးလ်အသစ် (New Email)**ကို ရိုက်နှိပ်ထည့်သွင်းပေးပါ။ **ဆက်လက်ဖော်ပြပါမည်။**

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ထူးကဲသော လပြည့်နေ့အသီးသီးရှိသည်။ ဝါခေါင်လပြည့်နေ့သည် မေတ္တာဓာတ်များလွှမ်းခြုံ၍ငြိမ်းချမ်းမှုကိုဆောင်ကြဉ်းပေးနိုင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် မေတ္တသုတ်တော်ကို ထုတ်ဖော်ဟောကြားခဲ့ခြင်းနှင့်စပ်လျဉ်း၍ မေတ္တာအခါတော်နေ့ကို ကျင်းပခဲ့ကြခြင်းဖြစ်သည်။ မေတ္တာအခါတော်နေ့တွင် မေတ္တသုတ်တော်ကို လွှမ်းခြုံဖြန့်ကြက်၍ မြန်မာပြည်တစ်ဝန်းလုံး ဘေးမသန်းဘဲ ငြိမ်းချမ်းသာယာမှုအပေါင်းကို ဆောင်ကြဉ်းနိုင်ပါစေရန် ဆန္ဒပြုမိပါ၏။

ဝါခေါင်လ

ဝါခေါင်လသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် ပဉ္စမမြောက်လဖြစ်ပြီး ရက်ပေါင်း ၂၉ ရက်ရှိကာ မိုးရာသီကာလ ဖြစ်သည်။ ဝါခေါင်လကို ပုဂံခေတ် ကျောက်စာတွင် "နံကာလ"ဟူ၍ ရေးသားသုံးနှုန်းကြပြီး "နံ"သည် အချိန်ကာလ "ကာ"သည် လယ်ယာထွန်ယက်စိုက်ပျိုးခြင်းဖြစ်သဖြင့် "လယ်ယာထွန်ယက် စိုက်ပျိုးသောလ"ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဝါခေါင်လ သို့မဟုတ် သိဟ်ရာသီ ဟူသော ဝေါဟာရမှာ သီဟဟူသော ပါဠိသက်စကား "ခြင်္သေ့"ဖြစ်၍ ရာသီရုပ်ပုံကို ခြင်္သေ့ပုံဖြင့် သရုပ်ဖော်သည်။ ခတ္တာပန်းသည် ရာသီပန်းဖြစ်သည်။

မေတ္တာအခါတော်နေ့ဖြစ်ပေါ်လာခြင်း

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်အခါက ရဟန်းတော်ငါးရာတို့သည် ဝါဆိုဦးအခါ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားများဆောင်ယူ၍ သပ္ပာယမျှတသည့် တောအုပ်တစ်ခုတွင် ပုရိမဝါဆိုကာ တရားအားထုတ်ကြလေသည်။ ထိုအခါ ရဟန်းတော်များ၏ သီလဘုန်းကံကြောင့် သစ်ပင်ဗိမာန်ထက်မှ ဆင်းပေးရသည့် နတ်အချို့က ရဟန်းတော်များ ထွက်ပြေးစေရန် ရည်ရွယ်လျက် အနံ့ဆိုးများလွှတ်ခြင်း၊ အသံဆိုးများဖြင့်အော်ဟစ်ခြင်း စသည့် ကြောက်မက်ဖွယ်ရာ အကြောင်းခြင်းရာမျိုးစုံပြုလုပ်၍ ခြောက်လှန့်ခြင်းတို့ကို ပြုလုပ်လေသည်။

နတ်တို့၏နှောင့်ယှက်မှုများကြောင့် ရဟန်းတော်ငါးရာတို့သည် တရားရှုမှတ်၍မရတော့ဘဲ ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့ကြသည်။ ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားရှင် ထံသို့ဆိုက်ရောက်ကြပြီး ကြုံတွေ့ခဲ့ရသည့်အခက်အခဲများကို လျှောက်ထားကြသည်။ မြတ်စွာဘုရားရှင်က ရဟန်းတော်များ မေတ္တာကမ္မဋ္ဌာန်းမပွားကြသည့်အတွက် ရုက္ခစိုးနတ်များနှင့်ရင်းနှီးမှုမရှိ၊ ချစ်ကျွမ်းဝင်ဖြစ်ကာ နှင်ထုတ်ခံရခြင်းဖြစ်ကြောင်း ရှင်းလင်းဟောပြ၍ ရဟန်းငါးရာတို့အား မေတ္တာကမ္မဋ္ဌာန်းသင်ပြပေးတော်မူသည်။

❍ "မေတ္တာခြုံ လုံခြုံ၊ မေတ္တာလွှမ်း အေးချမ်း" ဆိုသကဲ့သို့ ထူးမြတ်သည့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် မြတ်စွာဘုရားရှင်ဟောကြားတော်မူသော မေတ္တသုတ်တရားတော်ကို ရွတ်ဖတ်ပွားများပူဇော်ကြခြင်းဖြင့် ဘေးဘယာများကင်းဝေးပြီး အေးချမ်းသာယာမှုအပေါင်းရရှိကာ ကောင်းကျိုးများကို ဆောင်ကြဉ်း . . .

မြတ်စွာဘုရားရှင်က ရဟန်းတော်များအား လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ချစ်ခင်စေမည့် မေတ္တသုတ်တရားတော်ကို သင်ပေးတော်မူ၍ ထိုတောအုပ်သို့ပင် ပြန်သွားကြရန် မိန့်ကြားတော်မူလေသည်။ ရဟန်းများတောအုပ်သို့ ပြန်သွားကြပြီး မြတ်စွာဘုရား သင်ကြားတော်မူလိုက်သည့်အတိုင်း မေတ္တသုတ်ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာကိုပွားများကြရာ နတ်တို့နှင့်သင့်မြတ်ကာ အေးချမ်းစွာ တရားကျင့်ကြံနိုင်ကြလေသည်။ ထို့ကြောင့် ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"ဟူ၍ သတ်မှတ်ခေါ်ဆိုခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သင်ပြသည့်အတိုင်း ရုက္ခစိုးနတ်များနှင့်တကွ အားလုံးသောသတ္တဝါဝေနေယျတို့အပေါ် မေတ္တာဖြန့်ကြက်ပို့လွှတ်ကြသည်။ ရဟန်းတော်တို့ပို့လွှတ်သောမေတ္တာဓာတ်ကြောင့် နတ်များချစ်ခင်ကြည်ညိုလာသည်။ ရုက္ခစိုးအပေါင်းပြုစုစောင့်ရှောက်မှုဖြင့် ဝါတွင်းကာလ၌ တရားအားထုတ်ကြရာ ရဟန်းတော်ငါးရာတို့ ရဟန္တာဖြစ်လာကြသည်။ ရဟန်းတော်ငါးရာတို့ကို ဝါခေါင်လပြည့်နေ့၌ မေတ္တသုတ်ဟောကြားပေးသည်ကို ရည်ရွယ်၍ ဝါခေါင်လပြည့်နေ့ရောက်တိုင်း မေတ္တာအခါတော်နေ့အဖြစ် ပူဇော်ကြသည်။

ဝါခေါင်လပြည့်နေ့တွင် "ယဿာ နုဘာဝတော" အစချီသည့် မေတ္တာလက်နက် ပရိတ်စက်၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့် လွန်စွာကြမ်းကြုတ်ကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး တန်ခိုးတိမ်မြူး နတ်ဘီလူးတို့သည် အဆင်းသဏ္ဌာန် အသံအနံ့ဖြင့် ခြောက်လှန့်နှောင့်ယှက် ကြောက်မက်ဖွယ်သော အာရုံတို့ကို မပြုနိုင်ကြတော့ပေ။ ထိုမေတ္တာလက်နက် ပရိတ်စက်ကိုသာလျှင် လုံ့လလျော့ကင်း မပျင်းမရိဘဲ အခါမလပ် ရွတ်ဖတ်သူသည် ဘေးရန်မသန်းအေးချမ်းသာယာကြည်သာရွှင်ပျစွာ အိပ်စက်အနားယူနိုင်သည်။ အိပ်သောအချိန်၌လည်း တစ်စုံတစ်ရာ ကြောက်စရာအကြောင်းမကောင်းသောအိပ်မက်ကို မမြင်မက်ပေ။ ဤသို့ကျေးဇူးဂုဏ်နှင့်ပြည့်စုံသော မေတ္တာလက်နက် ပရိတ်စက်သည် နတ်များနှစ်သက်စောင့်ရှောက်တတ်သဖြင့် အန္တရာယ်ဟူသမျှကင်းဝေးစေပါသည်။

မေတ္တာသည်သာ

"မေတ္တာခြုံ လုံခြုံ၊ မေတ္တာလွှမ်း အေးချမ်း" ဆိုသကဲ့သို့ ထူးမြတ်သည့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် မြတ်စွာဘုရားရှင်ဟောကြားတော်မူသော မေတ္တသုတ်တရားတော်ကို ရွတ်ဖတ်ပွားများ ပူဇော်ကြခြင်းဖြင့် ဘေးဘယာများကင်းဝေးပြီး အေးချမ်းသာယာမှုအပေါင်းရရှိကာ ကောင်းကျိုးများကို ဆောင်ကြဉ်းသွားသင့်သည်။ မွေးမိခင်သည် ရင်နှစ်သားငယ်အတွက် အသက်ကိုပင် မခင်မင်ဘဲ လွန်ကဲကြင်နာစွာ စောင့်ရှောက်သကဲ့သို့ အလားတူ အလုံးစုံသောသတ္တဝါတို့၌ သတ်မှတ်ခွဲခြားပိုင်းခြားခြင်းမရှိ မေတ္တာစိတ် ယိုဖိတ်လျက်ပွားများအပ်၏။ သတ္တဝါအပေါင်းအားချစ်ခြင်း၊ မုန်းခြင်းမခွဲခြားဘဲ မေတ္တာစိတ်ပွားများရာ၏။ နိစ္စရူဝ စိတ်ကြည်လင်စွာဖြင့် ကာလပတ်လုံး မေတ္တာစိတ်နှင့်ယှဉ်သော သတိတရားကို ပွားများအပ်၏။ ဤသာသနာတော်၌ မေတ္တာကိုနှလုံးသွင်း၍ နေထိုင်ခြင်းကို ထူးမြတ်သော နေထိုင်ခြင်းဟု မြတ်စွာဘုရားက ချီးမွမ်းစကားဟောကြားတော်မူသည်။

စာရေးတံမဲအလှူ

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက သံဃာတော်များ ဝါဆို၊ ဝါကပ်ကြသည့်အခါ ဆွမ်း၊ ခဲဖွယ် အဆင်ပြေစေရန်အတွက်လည်းကောင်း၊ စားသောက်ဖွယ်ရာ ရှားပါးသည့်အခါမျိုးတွင်လည်းကောင်း ဆွမ်းကိစ္စ မျှတစေရန်ရည်ရွယ်၍ စာရေးတံမဲလှူဒါန်းခြင်းကို ခွင့်ပြုတော်မူခဲ့သည်။ စာရေးတံမဲလှူဒါန်းရာ၌ အလှူရှင်သည် မိမိနှစ်သက်ရာ ဆရာတော်ကို ရွေးချယ်လှူဒါန်းခွင့်မရှိဘဲ မဲကျရာ သံဃာတော်ကိုသာ လှူဒါန်းရသဖြင့် သံဃာထုတစ်ခုလုံးကို ရည်မှန်းသော သံဃိကအလှူ မြောက်ပြီး အကျိုးကျေးဇူးအလွန်ကြီးမားသည်။ ထို့ပြင် အလှူရှင်မရှိဘဲ ကျန်ရစ်မည့် သံဃာတော်မရှိစေရန်နှင့် ဆရာတော်ကြီးငယ်မရွေး အလှူပစ္စည်းများကို တန်းတူညီမျှရရှိစေရန် ဆောင်ရွက်ပေးနိုင်သည်။ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ကျောင်းတိုက်အလိုက် စုပေါင်းကျင်းပကြသဖြင့် ဗုဒ္ဓဘာသာဝင်များအကြား စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေသည်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

မေတ္တသုတ်တော်သည် ဗုဒ္ဓဘာသာရေးနယ်ပယ်တွင် အလွန်အကျိုးများစေသည့်သုတ်တော်ဖြစ်သည်။ ရဟန်းသံဃာတော်များသည် ဝါခေါင်လပြည့်နေ့ ရောက်လျှင် မေတ္တသုတ်တော်ကို ရွတ်ဆိုပွားများကြသည်။ ရပ်ထဲရွာထဲတွင် နေထိုင်သူများသည်လည်း ဘုရား၊ ပုထိုး၊ စေတီများတွင် မေတ္တသုတ်တော်ရွတ်ဖတ်၍ ကုသိုလ်မေတ္တာပွားများခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေတ္တာဟူသည် အေးချမ်းသော၊ အေးငြိမ်းသော သဘောကိုဆောင်သောကြောင့် လူ၊ နတ်၊ ဗြဟ္မာတို့၏ နှစ်သက်မြတ်နိုးခြင်းကိုရရှိလေသည်။ မေတ္တာသည် လူသားတိုင်း ထားရှိသင့်သော အရာဖြစ်သည်။ သတ္တဝါမှန်သမျှ မေတ္တာနှင့်သာ ဆက်ဆံသင့်သည်။ ဝါခေါင်လအခါသမယသည် မိုးရာသီဖြစ်သကဲ့သို့ မေတ္တာဓာတ်များပက်ဖျန်းပါက ပို၍အောင်မြင်အေးချမ်းသော၊ အေးမြသောအခြေအနေများသာဖြစ်ပေါ်လာမည်ဖြစ်သည်။

လူအချင်းချင်းနှိပ်စက်ခြင်း၊ လှည့်ပတ်ခြင်း၊ ခြောက်လှန့်ခြင်းတို့ ကင်းဝေးစေရန်အတွက် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) တွင် မြတ်စွာဘုရားရှင်ညွှန်ပြတော်မူသော မေတ္တာကမ္မဋ္ဌာန်းကို ရဟန်းရှင်တို့သာမက များထိုထို လူတို့ကလည်း စိတ်လက်ကြည်သာစွာ မပြတ်ပွားများအားထုတ်ကြခြင်းဖြင့် ဒုက္ခဆင်းရဲအပေါင်းမှ လွတ်ကင်းပြီး မင်္ဂဖိုလ်နိဗ္ဗာန်သို့ပင်ရောက်ရှိနိုင်ပါသည်။ ထို့ကြောင့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့၌ နိုင်ငံသူနိုင်ငံသားအားလုံး မေတ္တာကမ္မဋ္ဌာန်းပွားများစီးဖြန်းပြီး ကိုယ်စိတ်နှစ်ဖြာ ဘေးရန်လွတ်ကင်းချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့်ထုတ်ပေး

သာစည် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော တပ်မတော်မိုးရေကာဖျင်စက်ရုံမှ အာမခံအလုပ်သမား ဦးယဉ်ဌေး၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ်လ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးထက်လွင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများ၊ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှုမီးဖွားမှုအတွက် ဆေးကုသမှု ငွေကြေးအကျိုးခံစားခွင့်၊ မီးဖွားစရိတ်နှင့် ထပ်ဆောင်းဝန်ဆောင်မှုများအကြောင်း၊ အာမခံအလုပ်သမား သေဆုံးမှုအတွက်နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့် စသည့် အာမခံအလုပ်သမားများ ခံစားရမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှဦးစီးအရာရှိ ဦးထက်လွင်၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းတာဝန်ခံဆရာဝန်နှင့် တာဝန်ရှိသူများက သာစည်မြို့နယ်တပ်မတော် မိုးရေကာဖျင်စက်ရုံမှအာမခံအလုပ်သမား ဦးယဉ်ဌေး၏ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၄၈၆၄၈၆၀ ကို ပေးအပ်ရာ ဦးယဉ်ဌေးနှင့် စက်ရုံတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းသိရသည်။ **ထွန်းထွန်း(သာစည်)**



မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၁၈၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

စဉ် မြန်မာစံချိန်စံညွှန်းများ

၁။ MMS IEC 60068–2–30:2025 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း – အပိုင်း (၂-၃၀) – စမ်းသပ်မှုများ – စမ်းသပ်မှု ဒီဘီ: စက်ဝန်းပုံစံ စိုထိုင်းမှုနှင့် အပူချိန်စစ်ဆေးခြင်း (၁၂ နာရီ + ၁၂ နာရီစက်ဝန်း)

၂။ MMS IEC 60068–2–47:2005 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း – အပိုင်း (၂-၄၇)- စမ်းသပ်မှုများ – တုန်ခါမှု၊ သက်ရောက်မှုနှင့် အလားတူ ဒိုင်းနမစ်စမ်းသပ်မှုများအတွက် နမူနာပစ္စည်းများ တပ်ဆင်ခြင်း

၃။ MMS IEC 60068–2–52:2017 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း – အပိုင်း (၂-၅၂)- စမ်းသပ်မှုများ – စက်ဝန်းပုံစံ ဆားငန်မှုန် စမ်းသပ်ခြင်း (ဆိုဒီယမ်ကလိုရိုက်ပျော်ရည်)

၄။ MMS IEC 60095–1:2018 ခဲ – အက်စစ် စက်နှိုးဘက်ထရီများ – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၅။ MMS IEC 60095–2:2021 ခဲ-အက်စစ် စက်နှိုးဘက်ထရီများ – အပိုင်း (၂) – ဘက်ထရီ၏ အတိုင်းအတာများ၊ ဘက်ထရီအပေါင်း-အနုတ်ငုတ်၏အတိုင်းအတာများနှင့်အမှတ်အသားများ

၆။ MMS IEC 60095–4:2021 ခဲ-အက်စစ် စက်နှိုးဘက်ထရီများ – အပိုင်း(၄) – မော်တော်ယာဉ်ကြီးများအတွက် ဘက်ထရီများ၏ အတိုင်းအတာများ

၇။ MMS IEC 60095–7:2019 ခဲ-အက်စစ် စက်နှိုးဘက်ထရီများ – အပိုင်း(၇) – မော်တော်ဆိုင်ကယ်ဘက်ထရီများအတွက် အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၈။ MMS IEC 60364–1:2025 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ –အပိုင်း(၁) – အခြေခံအချက်များ၊ အထွေထွေထူးခြားသည့်လက္ခဏာများ အကဲဖြတ်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၉။ MMS IEC 60364 – 4 – 41: 2005 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၄-၄၁) –အန္တရာယ်ကင်းရှင်းရေးအတွက် ကာကွယ်ခြင်း – လျှပ်စစ်ဓာတ်လိုက်မှုဖြစ်ခြင်းမှ ကာကွယ်ခြင်း

၁၀။ MMS IEC 60364– 4– 43: 2023 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း (၄-၄၃) အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စီးလွန်ခြင်းမှကာကွယ်ခြင်း

၁၁။ MMS IEC 60364–5 – 51: 2005 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅-၅၁) – လျှပ်စစ်ပစ္စည်း ကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – ယေဘုယျစည်းကမ်းများ

၁၂။ MMS IEC 60364– 5– 54: 2011 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅ – ၅၄) လျှပ်စစ်ပစ္စည်း ကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – မြေစိုက်စနစ် အစီအစဉ်များနှင့် အကာအကွယ်လျှပ်ကူးပစ္စည်းများ

၁၃။ MMS IEC 60364– 5– 56 :2018 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅-၅၆) –လျှပ်စစ်ပစ္စည်း ကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – ဘေးအန္တရာယ်ကင်းရှင်းရေးဝန်ဆောင်မှုများ

၁၄။ MMS IEC 60364–7–704: 2017 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၇-၇၀၄) – အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ – တည်ဆောက်ခြင်းနှင့် ဖြိုချခြင်း လုပ်ငန်းခွင်သွယ်တန်းတပ်ဆင်ခြင်းများ

၁၅။ MMS IEC 60364–7–705: 2006 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၇-၇၀၅) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ၊ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံနှင့် ဆက်စပ်လျက်ရှိသောပိုင်နက်

၁၆။ MMS IEC 60364– 7–722: 2018 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း (၇ – ၇၂၂) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ – လျှပ်စစ်သုံးယာဉ်များအတွက် ဓာတ်အားပေးခြင်းများ

၁၇။ MMS IEC 60896–11:2002 အထိုင်ချအသုံးပြုသော ခဲ-အက်စစ် ဘက်ထရီများ – အပိုင်း(၁၁) – ဂက်စ်/အင်္ဂေ့ ထွက်ပေါက်ပါသော အမျိုးအစားများ – အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၈။ MMS IEC 60896–21:2004 အထိုင်ချအသုံးပြုသော ခဲ-အက်စစ် ဘက်ထရီများ – အပိုင်း (၂၁) – အဆို့ရှင်တပ် အမျိုးအစားများ – စမ်းသပ်နည်းလမ်းများ

၁၉။ MMS IEC 60896–22:2004 အထိုင်ချအသုံးပြုသော ခဲ-အက်စစ် ဘက်ထရီများ – အပိုင်း (၂၂) – အဆို့ရှင်တပ် အမျိုးအစားများ – လိုအပ်ချက်များ

၂၀။ MMS IEC 61215–1–1: 2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ – ဒီဇိုင်းအရည်အသွေးနှင့် အမျိုးအစားအတည်ပြုခြင်း– အပိုင်း (၁-၁) – ခရစ်တယ်လိုင်း စီလီကွန် ဖိုတိုဗို့လ်တစ်မော်ဂျူးများ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၁။ MMS IEC 61215 – 1 – 2: 2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ – ဒီဇိုင်းအရည်အသွေးနှင့် အမျိုးအစားခွဲခြားချက်–အပိုင်း (၁-၂)-သင်းဖလင်ကဒ်မီယမ်တယ်လာရိုဒ် အခြေပြု ဖိုတိုဗို့လ်တစ်မော်ဂျူးများ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၂။ MMS IEC 61326– 1: 2020 တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဓာတ်ခွဲခန်း အသုံးပြုခြင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာများ– လျှပ်စစ်သံလိုက်လှိုင်း သဟဇာတဖြစ်မှု (အီးအမ်စီ) လိုအပ်ချက်များ – အပိုင်း(၁) – အထွေထွေလိုအပ်ချက်များ

၂၃။ MMS IEC 61643–32: 2017 ဗို့အားနိမ့်အတွက် လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာကိရိယာများ – အပိုင်း (၃၂) – ဖိုတိုဗို့လ်တစ်သွယ်တန်းတပ်ဆင်ခြင်းများတွင် ဒီစီဘက်နှင့် ချိတ်ဆက်ထားသော အလွန်မြင့်မားသည့်ပမာဏရှိသော လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာကိရိယာများ – ရွေးချယ်မှုနှင့် အသုံးပြုနိုင်မှုဆိုင်ရာ စည်းမျဉ်းများ

၂၄။ MMS IEC 62052–11:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထွေထွေလိုအပ်ချက်များ၊ စမ်းသပ်မှုများနှင့် စမ်းသပ်မှု အခြေအနေများ – အပိုင်း (၁၁) – တိုင်းတာရေးကိရိယာများ

၂၅။ MMS IEC 62053–11:2003 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထူးလိုအပ်ချက်များ– အပိုင်း (၁၁) – လျှပ်စစ်စွမ်းအင်များအတွက် electromechanical မီတာများ (အတန်းအစားများ ၀.၅၊ ၁ နှင့် ၂)

၂၆။ MMS IEC 62053–21:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထူးလိုအပ်ချက်များ – အပိုင်း (၂၁) – အေစီ လှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀.၅၊ ၁၊ ၂ နှင့် ၃)

၂၇။ MMS IEC 62053–22:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထူးလိုအပ်ချက်များ – အပိုင်း (၂၂)– အေစီလှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀.၁ ၁S၊ ၀.၂S နှင့် ၀.၅S)

၂၈။ MMS IEC 62093:2022 ဖိုတိုဗို့လ်တစ်စနစ် လျှပ်စစ်ဓာတ်အားပြောင်းလဲခြင်းဆိုင်ရာ ပစ္စည်းကိရိယာ – ဒီဇိုင်းအရည်အသွေးနှင့် အမျိုးအစားအတည်ပြုခြင်း

၂၉။ MMS IEC 62109 – 2:2011 ဖိုတိုဗို့လ်တစ် လျှပ်စစ်ဓာတ်အားစနစ်များတွင် အသုံးပြုရန် ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂) ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ

၃၀။ MMS IEC 62116:2014 အများပြည်သူသုံး ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော ဖိုတိုဗို့လ်တစ် လျှပ်မျိုးပြောင်းကိရိယာများ – အများပြည်သူသုံး ဓာတ်အားလိုင်းပြတ်တောက်သွားသော်လည်း လျှပ်မျိုးပြောင်းကိရိယာမှ လျှပ်စစ်ဓာတ်အား ဆက်လက်ထုတ်လွှတ်နေပြီး ဓာတ်အားဖြန့်ဖြူးနေခြင်းကို တားဆီးကာကွယ်ရေးအစီအမံများနှင့်ပတ်သက်၍ စမ်းသပ်သည့်လုပ်ငန်းစဉ်

၃၁။ MMS IEC 62196–1:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များ

၃၂။ MMS IEC 62196–2:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း (၂) – အေစီငုတ်နှင့် ချိတ်ဆက်ပြွန် ဆက်စပ်ပစ္စည်းများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာလိုအပ်ချက်များ

၃၃။ MMS IEC TS 62196–3–1:2020 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ – ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းခြင်း – အပိုင်း (၃-၁) – အပူစီမံခန့်ခွဲမှုစနစ်တွင် ဒီစီလျှပ်ကူးအားသွင်းရန်အတွက် ယာဉ်ချိတ်ဆက်ပစ္စည်းများ၊ ယာဉ်အားသွင်းပေါက်များနှင့် ကေဘယ်(လ်) အစုအဖွဲ့များ

၃၄။ MMS IEC 62281:2019 သယ်ယူပို့ဆောင်ခြင်းတွင် မူလနှင့် ဆင့်ပွားလစ်သီယမ်-အိုင်းယွန်းဆဲလ်များနှင့် ဘက်ထရီများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး

၃၅။ MMS IEC TR 62660–4:2017 လျှပ်စစ်သုံးယာဉ်များကို တွန်းကန်ရန်အတွက် အသုံးပြုသည့်ဆင့်ပွားလစ်သီယမ်-အိုင်းယွန်းဆဲလ်များ – အပိုင်း (၄) – IEC 62660–3 ၏ အတွင်းပိုင်းပတ်လမ်းစမ်းသပ်ခြင်းအတွက် သီးခြားအစားထိုးစမ်းသပ်နည်းများ

၃၆။ MMS IEC 62752:2024 လမ်းပေါ်ရှိ လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်းပုံစံ (၂) အတွက် ကေဘယ်(လ်)ကြိုးအတွင်း ထိန်းချုပ်မှုနှင့် အကာအကွယ်ကိရိယာ (IC–CPD)

၃၇။ MMS IEC 62893–1:2017 ဝ.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း (၁)– အထွေထွေလိုအပ်ချက်များ

၃၈။ MMS IEC 62893–2:2017 ဝ.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း (၂)– စမ်းသပ်ခြင်းနည်းလမ်းများ

၃၉။ MMS IEC 62893–3:2017 ဝ.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း (၃)– ၄၅၀/၇၅၀ ဗို့အားအထိ အဆင့်သတ်မှတ်ထားသည့် ဗို့အားများဖြစ်သော IEC 61851–1 အားသွင်းခြင်းပုံစံ ၁၊ ၂ နှင့် ၃ အရ AC အားသွင်းခြင်းအတွက် ကေဘယ်(လ်)များ

၄၀။ MMS IEC 62909–1:2025 နှစ်ထပ် ဂရစ်ချိတ်ဆက်ထားသော ပါဝါလွှဲပြောင်းစက်များ – အပိုင်း (၁) – အထွေထွေနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ

၄၁။ MMS IEC 62909–2:2019 နှစ်ထပ်ဂရစ်ချိတ်ဆက်ထားသော ပါဝါပြောင်းစက်များ – အပိုင်း (၂) – GCPC ၏ မျက်နှာပြင်နှင့် ဖြန့်ဝေထားသော စွမ်းအင်အရင်းအမြစ်များ

၄၂။ MMS IEC 63110–1:2022 လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်းနှင့် အားသွင်းခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို စီမံခန့်ခွဲခြင်းအတွက်အစီအစဉ် – အပိုင်း (၁)– အခြေခံအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အသုံးပြုမှုကိစ္စရပ်များနှင့် တည်ဆောက်ပုံများ

၄၃။ MMS IEC 63119–1:2025 လျှပ်စစ်သုံးယာဉ်အားသွင်းခြင်း roaming ဝန်ဆောင်မှုအတွက် အချက်အလက်ဖလှယ်ခြင်း – အပိုင်း (၁) – အထွေထွေ


၄၄။ MMS IEC 63330–1:2024 စွန့်ပစ်ဘက်ထရီများပြန်လည်အသုံးချခြင်း – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များ

၄၅။ MMS ISO 6469–1:2019 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၁) – အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၄၆။ MMS ISO 6469–2:2022 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၂) – ယာဉ်အသုံးပြုနေစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၄၇။ MMS ISO 6469–3:2021 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၃) – လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

ဆက်လက်ဖော်ပြပါမည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad တို့ ရင်းရင်းနှီးနှီးနွေးဆက်ဆံစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ထိုသို့ တွေ့ဆုံရာတွင် **(၉)ကြိမ်မြောက် ထိုင်း-မြန်မာတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများကော်မတီ (9th High Level Committee –9th HLC) အစည်းအဝေးကို ထိုင်းနိုင်ငံတွင် အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊** နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိရောက်စွာ တားဆီးနှိမ်နင်းနေမှု အခြေအနေများ၊ အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်ပတ်သက်သူများ၏ ၉၉ ရာခိုင်နှုန်းကျော်သည်တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများဖြစ်၍ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ကာ တားဆီးဆောင်ရွက်သွားမည့် အခြေအနေများ၊ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုတားဆီးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသနေပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် လုံခြုံရေးဆိုင်ရာအပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်ပေးပို့ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့် ကာတာသံရုံးယာယီတာဝန်ခံတို့ကို ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ၂၇ ရက်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိဝီရှန်နှင့် ကာတာသံရုံးယာယီတာဝန်ခံ မစ္စတာ အဗ္ဗဒူလာဇစ် ယူစွတ် အေ.ဂျေ.အယ်လ်-အလီတို့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရန် ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။



ကာတာသံရုံးယာယီတာဝန်ခံနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်သွားရန် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

ရန်ကုန်တက္ကသိုလ်၌ တရုတ်-မြန်မာလူငယ်များ ဆွေးနွေးဖလှယ်ခြင်းနှင့်မီဒီယာတွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ၂၇ ရက်

မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့်တရုတ်-မြန်မာလူငယ်များ ဆွေးနွေးဖလှယ်ရေးအစီအစဉ်နှင့် တတိယသုံးလပတ် တရုတ်-မြန်မာ မီဒီယာတွေ့ဆုံပွဲကို စက်တင်ဘာလ ၃ ရက်တွင် ရန်ကုန်တက္ကသိုလ် Center for Research and Innovation ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ သံမှူးကြီး Dr. Zheng Zhihong၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ လူငယ်သံတမန်များ၊ ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တရုတ်-မြန်မာနှစ်နိုင်ငံမှ မီဒီယာများနှင့် သတင်းဌာနများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့်သုတေသနအဖွဲ့များမှကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ပြီး တရုတ်-မြန်မာချစ်ကြည်ရေးနှင့် ပတ်သက်သည့်အမြင်များကို မျှဝေဖလှယ်ခြင်းနှင့် နှစ်နိုင်ငံလူငယ်များအကြား အပြန်အလှန်နားလည်မှုနှင့် နှလုံးသားချင်းဆက်နွယ်မှုပိုမိုတိုးပွားအောင် ဆောင်ရွက်မည့်အစီအစဉ်တို့ကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက်ရှေတိုက်ကိုစိုး

ရေနံချောင်းမြို့နယ်၌ ဝါစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

ရေနံချောင်း ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ဝါစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ အသုံးပြုခြင်းနည်းလမ်းများဆိုင်ရာ နည်းပညာပေးဆွေးနွေးပွဲကို ယနေ့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

နည်းပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းစိုးက ဝါစိုက်တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ သဘာဝမြေဩဇာနှင့် သွင်းအားစုများ စနစ်တကျအချိုးကျသုံးစွဲတတ်စေရေး၊ လုံလောက်သောရေရရှိရေး၊ ပိုးမွှားကျရောက်မှု ကာကွယ်နှိမ်နင်းရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး စသည့် ဝါစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို နည်းပညာပေးဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပန်းတိုင်အထွက်နှုန်းရရှိရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများပါဝင်သည့် ဗွီနိုင်းများ၊ ဝါစိုက်တောင်သူများနှင့် ဝါမျိုးစေ့ရောင်းချသူများလိုက်နာရေး သတိပေးထုတ်ပြန်ချက်ဗွီနိုင်းများ စိုက်ထူနိုင်ရန်နှင့် တစ်ဦးချင်းဝါအထွက်နှုန်းကောက်ယူနိုင်ရေးအတွက် အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါနည်းပညာပေးဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုသုံးအုပ်စုမှ ဝါစိုက်တောင်သူများနှင့် အကျိုးဆောင်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

စိုးကြီး(ပြန်/ဆက်)



မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့်ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် သြဂုတ် ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များအား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့်တပ်နယ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

❖ **မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တိုက်ပွဲဝင်နိုင်အောင် မိမိဘက်ကအသင့်ဖြစ်ရန်လို၊ ပြောင်းလဲနေသည့်စစ်ပညာရပ်များနှင့် တိုးတက်လာသည့်နည်းပညာများအား အမြဲတမ်းလေ့လာနေရမည်ဖြစ်ပြီး ပြောင်းလဲမှုများအား အံဝင်ခွင်ကျဖြစ်အောင်လေ့ကျင့်၍ ဥပဒေသများအား လိုက်နာရန်လိုအပ် . . .**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများအနေဖြင့် လုံခြုံရေးအရ အရေးကြုံခဲ့ရိုးတွင် တပ်မတော်သားပီသစွာဖြင့် လုပ်ငန်းတာဝန်မခွဲခြားဘဲ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ရွပ်ရွပ်ခွံ့ခွံ့ တာဝန်ထမ်းဆောင်ခဲ့၍ အလေးထားအသိအမှတ်ပြုပါကြောင်း၊ ထို့အပြင် ပြင်ဦးလွင်သည်ရာသီဥတုအရ နယ်မြေအရ တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန့်ဖြစ်သည့် အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံနမူနာပြဖြစ်ရန် အမြဲတမ်းကြိုးစားဆောင်ရွက်နေရန်လိုကြောင်း။

တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် မြေပေါ်မြေအောက်အဖျက်သမားတို့၏ တိုင်းပြည်ဆူပူအုံကြွစေမှုနှင့် မင်းမဲ့စရိုက်ဆန်သောလုပ်ရပ်များကြောင့် ဆိုးရွားစွာဖြင့် တိုင်းပြည်ပြိုကွဲမည့်အခြေအနေတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝ အချိန်မီတာဝန်ယူခဲ့ရကြောင်း၊ ထိုသို့ ကာကွယ်စောင့်ရှောက်နိုင်ရန်မှာ တပ်မတော်အနေဖြင့် စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်တွင်

ရှားတောမြို့နယ်နှင့် မယ်စဲ့မြို့နယ်တို့မှ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ဝန်ထမ်းများအား အခြေခံစားသောက်ကုန် ဆန်၊ ဆီများထောက်ပံ့ပေးအပ်



လွိုင်ကော် သြဂုတ် ၂၇

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ကယားပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီများထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့မြို့နယ်ခန်းမ၌ကျင်းပပြီး ရှားတောမြို့နယ်မှ ပြည်သူ ၁၄၉ ဦး၊ မယ်စဲ့မြို့နယ်မှ ပြည်သူ ၁၄၀ ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ၅၉ ဦး စုစုပေါင်း ၃၄၈ ဦးတို့အား အခြေခံစားသောက်ကုန် ဆန်၊ ဆီများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ရှားတောနှင့် မယ်စဲ့မြို့တို့ရှိ ပြည်သူများနေရပ်စွန့်ခွာပြီး လွိုင်ကော်မြို့သို့ ရောက်ရှိနေထိုင်ချိန်တွင် နေထိုင်စားသောက်မှု အထိုက်အလျောက် အဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က အခြေခံစားသောက်ကုန် ဆန်ရိက္ခာနှင့် စားသုံးဆီများ ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒီးမေ့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်တို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းရည်မှန်းချက်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများအလိုက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများအားလုံး မိမိတို့ရပ်ရွာတွင် အမြန်ဆုံးပြန်လည်အခြေချနေထိုင်ပြီး မူလအသက်မွေးဝမ်းကျောင်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် အားလုံးက စည်းလုံးညီညွတ်စွာဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် လုပ်ငန်းများတွင်လည်း ကျရာကဏ္ဍများမှ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်ကပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ရှားတောမြို့နယ်နှင့် မယ်စဲ့မြို့နယ်ပြည်သူများအတွက် ဆန်၊ ဆီများကိုပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လေ့ကျင့်ရေးမူဝါဒအဖြစ် ချမှတ်ခဲ့သည့် **ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်** စသည့် အချက် ၃ ချက်ကို ခေါင်းဆောင်များ မွေးထုတ်ပေးသည့် တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများအနေဖြင့် စနစ်တကျလေ့ကျင့်ပေးနေရန်လိုကြောင်း။

စစ်တက္ကသိုလ်သည် လေ့ကျင့်ရေးနှင့် ပတ်သက်ပြီး လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိများမွေးထုတ်ပေးရန် ဖြစ်ပြီး ၎င်း၏အဓိကတာဝန်မှာ စစ်ဘက်ဆိုင်ရာခေါင်းဆောင်များမွေးထုတ်ပေးခြင်း ဖြစ်ကြောင်း၊ စစ်တက္ကသိုလ်နှင့်တပ်မတော် နည်းပညာတက္ကသိုလ်တို့သည် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက် အသီးသီးရှိသော်လည်း အရည်အချင်းရှိသူများအား မွေးထုတ်ပေးသည့် တက္ကသိုလ်များဖြစ်ကြောင်း၊ အရာရှိကောင်းများဖြစ်စေရန် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ပါ ပြည့်ဝရန်လိုအပ်ပြီး Training နှင့်ပတ်သက်ပြီး အလေးထားလုပ်ဆောင်ရန်လိုအပ်ကြောင်း။

စစ်ခေါင်းဆောင်များသည် စဉ်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိ၊ တည်ငြိမ်စွာဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်သည့် စစ်ခေါင်းဆောင်များဖြစ်ရန်လိုပြီး လေ့ကျင့်ရေးအပိုင်းနှင့်ပတ်သက်လျှင် ပေါ့ပေါ့တန်တန် မလုပ်ရန်လိုကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့်စဉ်းစားဆုံးဖြတ်နိုင်သည့် အတွေးအခေါ်ကြံ့စည်နိုင်သူများဖြစ်ရန် လိုအပ်ကြောင်း၊ နှလုံးရည်ပြည့်ဝသည့် အရာရှိများဖြစ်အောင် စာပေပညာပိုင်းကလည်း အရည်အချင်းပြည့်ဝအောင်သင်ပေးရသကဲ့သို့ လေ့ကျင့်ရေးပညာပိုင်းတွင်လည်း တပ်စုမှူးတာဝန် ထမ်းဆောင်နိုင်သည့် အဆင့်ထိ သင်ကြားပေးရမည်ဖြစ်ကြောင်း။

❖ အုပ်ချုပ်ရေးပိုင်းတွင် ညီညွတ်မှုတစ်စွာဖြင့် ကျောသား၊ ရင်သားမခွဲခြားဘဲမျှမျှတတ ကွပ်ကဲအုပ်ချုပ်ရန်လိုပြီး ကွက်ကျားမိုးရွာ၍မရ၊ တတ်နိုင်သမျှလူမှုန်နေရာမှုန် တာဝန်ပေးရန်လိုအပ်ပြီး အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီမှုန်မှုန်ကန်ကန် ဆောင်ရွက်ပေးရန်လို . . .

❖ မိမိတပ်၏ မြေပြင်အခြေအနေမှန်ကို သိအောင်ဆောင်ရွက်ရန်လိုပြီး လက်အောက်စစ်သည် မိသားစုများ၏စိတ်ဓာတ်ရေးရာ၊ လူနေမှုဘဝအခြေအနေများကိုသိအောင်ဆောင်ရွက်၍ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးရန်လို . . .

ချွေးထွက်များမှ သွေးထွက်နည်းမည် ဆိုသည့် ဆောင်ပုဒ်အတိုင်း လေ့ကျင့်ကြရမည်ဖြစ်ပြီး စစ်သားတစ်ယောက်ဖြစ်သည့် အတွက် ခန္ဓာကိုယ်ကြံ့ခိုင်ရန် လေ့ကျင့်ရေးပိုင်းအားစနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအား ညီအရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ရန်၊ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်နှင့် လမ်းမှားမရောက်ရှိစေရေး မှန်ကန်သည့်နည်းလမ်းများအား ရွေးချယ်ဆုံးဖြတ်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တိုက်ပွဲဝင်နိုင်အောင် မိမိဘက်ကအသင့်ဖြစ်ရန်လိုကြောင်း၊ ထို့အပြင် ခံ၊ ခွာ၊ ချီ၊ တိုက် ဥပဒေသများ၊ စစ်အခြေခံသဘောတရားများသည် ပြောင်းလဲမှုမရှိဘဲ ၎င်းပေါ်တွင် အခြေခံ၍ စစ်အတတ်ပညာများပြောင်းလဲနေခြင်းဖြစ်ပြီး စစ်မြေပြင်စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် စစ်ပညာရပ်များနှင့် တိုးတက်လာသည့် နည်းပညာများအား အမြဲတမ်းလေ့လာနေရမည်ဖြစ်ပြီး ပြောင်းလဲမှုများအား အံဝင်ခွင်ကျဖြစ်အောင်လေ့ကျင့်ပေးရန်လိုကြောင်း၊ နှလုံးရည်ပြည့်ဝသည့် အရာရှိများဖြစ်အောင် စာပေပညာပိုင်းကလည်း အရည်အချင်းပြည့်ဝအောင်သင်ပေးရသကဲ့သို့ လေ့ကျင့်ရေးပညာပိုင်းတွင်လည်း တပ်စုမှူးတာဝန် ထမ်းဆောင်နိုင်သည့် အဆင့်ထိ သင်ကြားပေးရမည်ဖြစ်ကြောင်း။

ဆောင်ပုဒ်များမှာ ဆိုသည့် ဆောင်ပုဒ်အတိုင်း လေ့ကျင့်ကြရမည်ဖြစ်ပြီး စစ်သားတစ်ယောက်ဖြစ်သည့် အတွက် ခန္ဓာကိုယ်ကြံ့ခိုင်ရန် လေ့ကျင့်ရေးပိုင်းအားစနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအား ညီအရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ရန်၊ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်နှင့် လမ်းမှားမရောက်ရှိစေရေး မှန်ကန်သည့်နည်းလမ်းများအား ရွေးချယ်ဆုံးဖြတ်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

နည်းပြများသည် သင်တန်းသားများ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်အောင် ထိန်းကျောင်းလေ့ကျင့် သင်ကြားပေးရမည့် တာဝန်ရှိကြောင်း၊ အရည်အချင်းပြည့်ဝသည့် သင်တန်းသားများ ပေါ်ထွက်လာစေရန်အတွက် နည်းပြများသည် အရည်အချင်းပြည့်ဝရမည်ဖြစ်ပြီး လေ့ကျင့်ပေးသူများ၏ အရည်အချင်းပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏ အရည်အသွေးများ ပြောင်းလဲမည်ကို သတိပြုရန် လိုကြောင်း၊ နည်းပြကောင်းတစ်ဦးရရန် ချက်ချင်းလုပ်ယူ၍မရဘဲ အတွေ့အကြုံရှိရန်လိုအပ်သကဲ့သို့ စာပေပညာဖြစ်စေ၊ စစ်ပညာဖြစ်စေ နည်းပြများ၏ အတွေ့အကြုံရှိမှုသည် အရေးကြီးကြောင်း၊ နည်းပြများသည် ကိုယ်တိုင်အနေဖြင့်လည်း အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်သည့်သူများမှ အတွေ့စိတ်ဖြင့် တာဝန်ထမ်းဆောင်ပါက လက်အောက်ငယ်သားများ၏ယုံကြည်မှုကို ရရှိနိုင်မည်မဟုတ်ကြောင်း။

မိမိတပ်၏ မြေပြင်အခြေအနေမှန်ကို သိအောင်ဆောင်ရွက်ရန်လိုပြီး လက်အောက်စစ်သည် မိသားစုများ၏ စိတ်ဓာတ်ရေးရာ၊ လူနေမှုဘဝအခြေအနေများကိုသိအောင်ဆောင်ရွက်၍ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးရန်လိုကြောင်း၊ စစ်သည်၊ မိသားစုများ၏ ဗဟုသုတကြွယ်ဝစေရန် စာအုပ်၊ စာပေများဖတ်စေချင်ပြီး ဗိုလ်လောင်းဘဝမှစကာ တတ်စွမ်းသမျှ မိမိကိုယ်ကို ကြိုးစားအားထုတ်ရန်လိုအပ်ကြောင်း၊ ဘွဲ့လွန်သင်တန်းများဖြစ်သော မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းနှင့် ဘာသာစကားသင်တန်းများအနေဖြင့်လည်း အချိန်၊ ငွေ၊ လုပ်အားများ များစွာရင်းနှီးမြှုပ်နှံထားသည့်အတွက် ကြိုးစားအားထုတ်ကြရန်နှင့် စည်းကမ်းနှင့်အညီ နေထိုင်သွားကြရန်မှာကြားလိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးနှင့် ပတ်သက်၍ အသက်အရွယ်အလိုက် သင့်လျော်သည့် အားကစားများကို လုပ်ဆောင်နေရန် လိုကြောင်း၊ အားကစားဆိုသည်မှာ စနစ်တကျလုပ်ဆောင်ပါက တပ်မတော်စိတ်ဓာတ်ကို ရရှိစေသည့် အကျိုးကျေးဇူးများစွာရှိသည်ကို ဥပမာပြ၍ ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ကိုယ်ခန္ဓာနှင့် စိတ်ဓာတ်ကိုပါ ကျန်းမာကြံ့ခိုင်စေသည့် အားကစားပြိုင်ပွဲများကို အကျိုးရှိရှိလိုက်ပါလုပ်ဆောင်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများ၊ ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့်အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

အမိန့်နှင့်ညွှန်ကြားချက်များသည် စည်းကမ်းစနစ်တကျရှိစေရန်အတွက် ထုတ်ပြန်ထားခြင်းဖြစ်ပြီး စစ်စည်းကမ်းပိုင်းဆိုင်ရာများတွင်လိုက်နာမှုမရှိပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်လာနိုင်မည်ဖြစ် ကြောင်း၊ **စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်သောကြောင့် စည်းကမ်းကောင်းလျှင်တပ်မတော်သားကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သားကောင်းများပေါင်းလျှင် စည်းကမ်းရှိသောတပ်မတော်ဖြစ်လာမည်ဖြစ်** ကြောင်း၊ စည်းကမ်းတကျနေတတ်သည့်အကျင့်များကို ဗိုလ်လောင်းဘဝမှစတင်၍ လေ့ကျင့်ရန်လိုအပ်ပြီး ရောင့်ရဲတင်းတိမ်နိုင်သည့်စိတ်ဖြင့် လုပ်ငန်းတာဝန်ကိုကျေပွန်လိုစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း။

ခေါင်းဆောင်မှုဆိုင်ရာ အနေဖြင့် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့နှင့် ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်ခဲ့လည်း ပြည့်စုံကောင်းမွန်သည့်ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိကွပ်ကဲမှုအောက်ရှိ အရာရှိ၊ စစ်သည်များအား ညီညွတ်မှုတမှုရှိသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းနိုင်ရန်၊ ကိုယ်တိုင်အနေဖြင့်လည်း အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်သည့်သူများမှ အတွေ့စိတ်ဖြင့် တာဝန်ထမ်းဆောင်ပါက လက်အောက်ငယ်သားများ၏ယုံကြည်မှုကို ရရှိနိုင်မည်မဟုတ်ကြောင်း။

❖ အုပ်ချုပ်ရေးပိုင်းတွင် ညီညွတ်မှုတစ်စွာဖြင့် ကျောသား၊ ရင်သားမခွဲခြားဘဲမျှမျှတတ ကွပ်ကဲအုပ်ချုပ်ရန်လိုပြီး ကွက်ကျားမိုးရွာ၍မရ၊ တတ်နိုင်သမျှလူမှုန်နေရာမှုန် တာဝန်ပေးရန်လိုအပ်ပြီး အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီမှုန်မှုန်ကန်ကန် ဆောင်ရွက်ပေးရန်လို . . .

❖ မိမိတပ်၏ မြေပြင်အခြေအနေမှန်ကို သိအောင်ဆောင်ရွက်ရန်လိုပြီး လက်အောက်စစ်သည် မိသားစုများ၏စိတ်ဓာတ်ရေးရာ၊ လူနေမှုဘဝအခြေအနေများကိုသိအောင်ဆောင်ရွက်၍ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးရန်လို . . .

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် ပြည်နယ်အဆင့်ဖွင့်ပွဲကျင်းပ

ဟားခါး သြဂုတ် ၂၇

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် ပြည်နယ်အဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး မိခင်နို့တိုက်ကျွေးမှု စံပြဆု၊ ၂ နှစ်အောက် စံပြကလေးဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အခမ်းအနားတွင် အာဟာရရက်သတ္တပတ် လှုပ်ရှားမှု Video Clip ပြသပြီး မိခင်နို့တိုက်ကျွေးမှု စံပြဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးနာယက ကလည်းကောင်း၊ ၂ နှစ်အောက် စံပြကလေးဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြတ်စံနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိန်ထွန်းလှတို့ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုပြီး အသက် ၅ နှစ်အောက်ကလေးငယ်များအား အင်အားပြည့်မီတာမင်အဆေးလုံးတိုက်ကျွေးခြင်း၊ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးပြားများနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းများအား ကြည့်ရှုအားပေးသည်။

အခမ်းအနားဖွင့်ပွဲတွင် ယခုနှစ်အတွက် ဆောင်ပုဒ်ဖြစ်သည့် "ဘဝအစလှပဖို့၊ မိခင်နို့ချိုတိုက်ကျွေးလို့၊ အလေ့အထကောင်းများမြှင့်တင်စို့" နှင့်အညီ မိခင်နို့တိုက်ကျွေးခြင်းမှအစပြု၍ အသက်အရွယ်အလိုက် အာဟာရစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုခိုင်မာအားကောင်းလာစေရန် ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးပူးပေါင်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Commander-in-Chief of Defence Services General Ye Win Oo meets instructors, cadets, postgraduate students of Defence Services Academy and Defence Services Technological Academy and officers and other ranks of the station

NAY PYI TAW August 27

Commander-in-Chief of Defence Services General Ye Win Oo met instructors, cadets, postgraduate students of Defence Services Academy and Defence Services Technological Academy and officers and other ranks of the station at the Convocation Hall of DSA this afternoon.

Also present at the ceremony together with the Commander-in-Chief of Defence Services were Daw Nilar, wife of the Commander-in-Chief of Defence Services,senior military officers from the Office of the Commander-in-Chief and wives, the Central Command commander, commandants and officials.



Commander-in-Chief of Defence Services General Ye Win Oo meets instructors, cadets, postgraduate students of Defence Services Academy and Defence Services Technological Academy and officers and other ranks of the station.

In his speech, General Ye Win Oo said he recognized the soldiers from all the units in PyinOoLwin Station for serving their duties unswervingly and with utmost devotion in any mission as true soldiers during security emergencies. As PyinOoLwin is an ideal training ground for the Tatmadaw in terms of weather and terrain, soldiers of the station must work hard to become role models while they are undergoing training.

The General said the main task of the Tatmadaw is national defence, recounting his personal experience that the Tatmadaw had to shoulder its national defence duty immediately when the nation was on the brink of disintegration in 1988 and 2021 due to disturbances and anarchic acts of aboveground and underground destructive elements. To be able to serve this duty, the Tatmadaw must be competent and efficient, and it is an important fact. In this regard, the academies and training schools that are generating leaders must systematically apply the three-point training strategy—**to be healthy and fit, and to have skill and courage** – adopted in 2011 for national defence.

The DSA will have to bring about officers with physical and intellectual ability through training sessions as its main task is to produce military leaders. Although the DSA and the DSTA have their own specific goals they both are the universities producing qualified persons. Good officers need physical and mental strength and leadership ability. So, training must be paid serious attention.

Military leaders must have reasoning power, and the courage and calmness to make right decisions. They must be serious in training and should be the ones having physical and intellectual ability and decision-making power and rationality.

Instructors are responsible for guiding, training, and educating trainees to ensure they possess good morale and discipline. Instructors must be qualified to produce qualified trainees, and must be aware of the fact the qualification progress of a trainee depends on the trainer's qualification. A good instructor cannot be made instantly. It is important that an instructor needs specialized experience, particularly in the academic field or military science. His responsibility is to bring about officers who have wisdom, academic talent and can serve the duties of a platoon commander.

Instructors must conduct training sessions in accord with the motto -- **Rigorous training ensures survival and victory.** They must systematically train all trainees to be fit and healthy. An officer will be able to successfully shoulder his duties in the practical field only if he pursues academic subjects, military science properly during the training. They must care the cadets like their younger brothers, train them to achieve true proficiency and to guide them towards the right path.

In any assignment, soldiers must always be ready to fight like infantry troops. The principles of defence, withdrawal, advance, and attack never change, but the basic military science, based on them, is changing. Soldiers must follow the battlefield rules and must always study the developing and changing technologies, and must observe the rules to be adaptable to them. Training schools already have the motto – learn, undergo training and follow – and throughout the entire period of wearing the uniform, these three points must always be strictly adhered to and practiced.

The Commander-in-Chief of Defence Services underscored that administrative duties must be carried out with impartiality, without favouritism or discrimination, and that personnel should be assigned to appropriate positions based on merit and capability. He further stressed that administrative and support matters must be executed in a timely and accurate manner. Highlighting the critical role of instructors, he noted that they serve as surrogate parents to trainees, bearing the responsibility of nurturing and guiding them with genuine dedication. He called on all instructors to act with goodwill and a sense of paternal care, as they stand in loco parentis for the soldiers under their charge.

Turning to internal cohesion and morale, the Commander-in-Chief of Defence Services urged unit commanders and officers to maintain constant and close engagement with their subordinates. He observed that families residing within military compounds contribute to a supportive environment, and that the building of a strong, family-like atmosphere based on mutual sympathy and brotherhood is essential. He added that a positive mental state is closely linked to a contented and harmonious military life.

On the subject of discipline, the Commander-in-Chief of Defence Services reiterated that orders and directives are issued to ensure systematic order and compliance. Any lapse in military discipline, he warned, could undermine unit cohesion. He described discipline as the backbone of the military, asserting that a disciplined soldier becomes a good soldier, and that the collective discipline of individuals forms a disciplined military force. He called for the cultivation of disciplined habits from cadet training onwards, and urged personnel to carry out their duties with contentment, patience, and a strong sense of responsibility.

Addressing leadership, he stressed the vital importance of leadership skills. He stated that only those who have first been exemplary followers; obedient

See Page - 19 ●●

●● From Page - 18

to orders and disciplined in conduct can mature into effective and well-rounded leaders. He emphasized the need for fair and just leadership over subordinates, and reminded leaders themselves to strictly adhere to orders, directives and regulations. He warned that self-serving conduct by leaders would erode the trust and confidence of their subordinates.

The Commander-in-Chief of Defence Services further highlighted the necessity for unit commanders to understand the true ground realities of their units, including the morale and living conditions of soldiers and their families. He called for proactive efforts to address their needs wherever possible. He encouraged the promotion of reading among soldiers and families to broaden their knowledge, and urged all personnel, from cadet training onward, to strive for self-improvement. He also made special mention of postgraduate programmes, including master's and doctoral degrees, as well as language courses, noting the significant investment of time, money, and effort made in these areas, and called on participants to apply themselves diligently and to live in accordance with military regulations.

Regarding physical fitness and health, the Commander-in-Chief of Defence Services advised engaging in age-appropriate sports and physical activities. He noted that when conducted systematically, sports greatly contribute to enhancing military morale and spirit. He encouraged participation in sports competitions that benefit both physical and mental well-being.

Following the formal session, the Commander-in-Chief of Defence Services, his wife and party, warmly greeted and exchanged pleasantries with instructors, cadets, postgraduate students, officers and other ranks who had attended the meeting, in a cordial and friendly atmosphere. **100**

Shwebo District finishes cultivation of banana on all sown acreage

SHWEBO August 27

Agricultural data compiled by Shwebo District Agriculture Department stated that local farmers have planted 100 percent cultivation of banana on all cultivable lands in Shwebo District of Sagaing Region.

In 2026-2027 monsoon cultivation season, Shwebo District earmarked cultivation of 4,019 acres of banana. So far, local farmers planted 1,420 acres of banana in Shwebo Township, 268 acres in KhinU Township, 2,311 acres in Wetlet Township and 20 acres in Kyaukmyaung Sub-Township.

"This year's monsoon season target for banana cultivation in Shwebo District is more than 4,000 acres. At present, 100 percent of the targeted acreage has already been planted. In recent years, banana cultivation has also been expanding into paddy fields. Pest and disease incidence has generally remained low," said Daw Zar Zar Min, Head of the Shwebo District Department of Agriculture.

During the 2026-2027 monsoon cropping season, the district's banana cultivation targets by township are 1,420 acres in Shwebo Township, 268 acres in KhinU Township, 2,311 acres in Wetlet Township, and 20 acres in Kyaukmyaung Sub-Township, bringing the district's total target to 4,019 acres.

According to reports, banana growers plant approximately 1,000 banana plants per acre. The production cost is around Ks-2 million per acre until the crop reaches the fruit-bearing stage, while returns at harvest average around Ks-5 million per acre.

The Shwebo District Department of Agriculture has also been conducting field-level extension activities to promote the production of safe food crops. These include educating farmers on the risks posed by chemical residues, encouraging the proper use of registered pesticides in accordance with the instructions on product labels, and promoting Good Agricultural Practices (GAP).



SK

Local farmers plant rainfed sesame more than the schedule

DABAYIN August 27

According to the township Agriculture Department, local farmers grew rainfed sesame more than the targeted sown acreage in Dabayin Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Dabayin Township set a target of cultivating 26,869 acres of rainfed sesame. Planting began in May this year, and as of today, a total of 28,413 acres have been planted, according to reports.

"This year's monsoon cropping season, Dabayin Township targeted the cultivation of 26,869 acres of rainfed sesame. As of today, 28,413 acres have already been planted. Current cultivation has exceeded the original target acreage. We are also working to further expand sesame cultivation, improve yields, and promote cultivation using Good Agricultural Practices (GAP)," said Daw Aye Myat Mon, Head of the Dabayin Township Department of Agriculture.

This year, the Township Department of Agriculture has been providing awareness and technical support to sesame growers in Dabayin Township on expanding sesame cultivation, adopting proper cultivation techniques, implementing Good Agricultural Practices (GAP), using high-quality certified seed, and cultivating high-yielding varieties.

It is reported that crops produced under the GAP system are of higher quality than those grown using conventional cultivation methods, command better market prices, and can be sold not only in domestic markets but also exported to international markets. As a result, farmers who adopt GAP cultivation are expected to gain greater economic benefits and improve their socioeconomic livelihoods. **SMK**

Pwintbyu Township sees completion of growing all crops on more than 50,000 acres of croplands

PWINTBYU August 27

Local farmers have planted all crops on 54,792 acres of croplands in Pwintbyu Township in Magway Region, according to the township Agriculture Department.

Local authorities earmarked cultivation of 140,345 acres of various crops as monsoon crops in Pwintbyu Township but local farmers planted 54,792 acres of crops.

"This year's monsoon cropping season, we have targeted the cultivation of 140,345 acres of various crops in Pwintbyu Township. As of today, 54,792 acres have already been planted. Local farmers are working together to ensure that the target acreage for each crop is achieved. For some crops, the planted area has already exceeded the original targets. Planting of the remaining crops is continuing to ensure that all target acreages are fulfilled. For the crops already planted, we are also supervising measures to increase yields and produce high-quality crops by ensuring effective pest and disease control, as well as the proper use of fertilizers and other agricultural inputs," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

To ensure the successful cultivation of monsoon crops, including paddy, in Pwintbyu Township without difficulties, the Township Department of Agriculture has been working closely with farmers by providing technical assistance on improving soil fertility, selecting suitable seed varieties, adopting Good Agricultural Practices (GAP), using irrigation water systematically, and implementing pest and disease control measures.

SK

Tomato in high demand at domestic market in Pathein Township

PATHEIN August 27

"Trading of tomato is booming at the domestic market in Pathein Township of Ayeyawady Region," said Daw Win Myint, the owner of green grocery trading depot in Pathein Township.

At the vegetable market in Pathein, demand for tomatoes has been strong and trading has remained good from the first week of April this year up to the present, according to reports. Tomatoes produced in the region are reportedly being traded at volumes of between 5,000 and 6,500 viss per day.

"Tomatoes are selling very well in the Pathein market. Buyers are purchasing large quantities even at the local produce market. The tomatoes being traded are free from pests and are of good quality. This year's tomatoes are reported to have both high quality and good yields," said Daw Win Myint.

Tomatoes are cultivated in Pathein Township, while additional supplies are also purchased and distributed from other regions. Tomatoes with strong market demand fetch Ks-4,000 to Ks-6,500 per viss, according to market sources. **SMK**

Putin expresses condolences to Xi Jinping over devastating mudslides in China

MOSCOW August 27

Russian President Vladimir Putin on Thursday expressed his condolences to Chinese President Xi Jinping over the devastating mudslides in the Tibet Autonomous Region of China.

"I would like to express my most sincere condolences in connection with the tragic consequences of mudslides in the Tibet Autonomous Region of China," the telegram of condolences read, published by the Kremlin.

The Russian leader asked to convey words of sympathy and support to those who lost their loved ones as a result of the tragedy, and also wished a speedy recovery to all those injured.

Putin also expressed his deep condolences to Nepal's leadership over the heavy loss of life caused by landslides and flooding.

"Please accept my deep condolences in connection with the numerous human casualties and serious damage caused by mudslides and floods in the northeastern regions of your country," the telegram of condolences read.

Sputnik

Qatar, Iran discuss creation of temporary shipping corridor through Strait of Hormuz

DOHA August 27

Qatari and Iranian foreign ministers discussed on Thursday the establishment of a temporary shipping corridor through the Strait of Hormuz and the implementation of a joint project to clear the strait of mines, according to a statement by the Qatari Foreign Ministry.

Qatari Prime Minister and Minister of Foreign Affairs Sheikh Mohammed bin Abdulrahman bin Jassim Al Thani held talks in Tehran with Iranian Foreign Minister Seyed Abbas Araghchi on a proposed interim framework for the strait, the ministry said.

During the meeting, Sheikh Mohammed stressed "the need to respect the sovereignty of neighboring countries and freedom of navigation," while underscoring the importance of continuing diplomatic efforts to reduce tensions and address differences through dialogue.

For his part, Araghchi expressed appreciation for Qatar's continued diplomatic efforts aimed at de-escalating tensions and supporting dialogue, according to the statement.

The Qatari prime minister's visit to Tehran came amid ongoing Iran-Oman talks over the Strait of Hormuz. Iran's Islamic Revolution Guard Corps said on Wednesday that Iran and Oman had reached agreements on their respective shares of the strait's waters and revenues, according to Iranian media reports.

However, a senior Iranian source was quoted by media as saying that no final agreement between Iran and Oman concerning the strait had been reached so far.

Xinhua

India officially announces hosting BRICS Summit next month



NEW DELHI August 27

India on Thursday officially announced the hosting of the 18th BRICS Summit in New Delhi on September 12-13, bringing together BRICS member and partner countries, as well as the outreach invitees.

The theme of the forthcoming BRICS Summit would be "Building for Resilience, Innovation, Cooperation and Sustainability."

At the summit, the leaders will exchange views on strengthening intra-BRICS cooperation on common priorities and share perspectives on global and regional matters of mutual importance, said India's Ministry of External Affairs in an official statement.

It added that a total of 350 meetings and high-level engagements had been held this year in over 25 cities across the country.

Xinhua

Colombia battles 18 wildfires as El Nino fuels dry conditions

BOGOTA August 27

Colombia's National Unit for Disaster Risk Management said Wednesday that 18 wildfires remain active across four departments as El Nino conditions continue to fuel dry weather.

In a post on X, the agency said 10 of the active fires are in Tolima, five in Narino, two in Cundinamarca and one in Valle del Cauca.

Tolima is the hardest-hit department, with more than 20,000 hectares burned after 26 days of wildfire emergency conditions. Local officials have called for additional aerial support, while the army has deployed military engineers to help contain active fire zones.

Interior Minister Rodrigo Lara said the fires intensified overnight in the municipalities of San Luis and Coello, where emergency crews worked into the early morning to protect homes and power transmission towers.

Firefighters, civil defence teams, soldiers, police and residents are working on the ground, Lara wrote on X, adding that there are also signs of criminal activity and that police have arrested two suspects.

Farmers in Tolima have reported heavy losses to lemon and avocado crops and urged authorities to step up firefighting efforts before the flames reach their homes.

The wildfires began in early August with the onset of El Nino conditions, which authorities say could last until March 2027.

Xinhua

389 bodies found from Nepal's floods -- police


KATHMANDU August 27

As many as 389 bodies have been recovered from flood-hit areas of Nepal as of 3:50 pm. local time Thursday, the Nepal Police said in a statement.

Police personnel have been evacuating families from flood-risk areas to safe locations and conducting search and rescue operations in coordination with other government agencies and local residents, the statement said.

Twenty-seven foreign tourists were rescued, according to the National Disaster Risk Reduction and Management Authority.

Xinhua



Vietnam's northern province declares natural disaster emergency in 5 communes

HANOI August 27

Vietnam's northern mountainous province of Son La has declared a natural disaster emergency in five communes in response to recent heavy rains, landslides and flash floods, the Vietnam News Agency reported Thursday.

The affected areas comprise the communes of Chieng Lao, Muong Bu, Muong Lan, Muong Chien and Ngoc Chien. Natural disasters occurred there between July 5 and August 25, saturating the soil and increasing the risk of landslides, flash floods and inundation, particularly in mountainous areas, along rivers and streams, and on steep slopes.

The disasters damaged 396 houses, agricultural production, roads, technical infrastructure and public facilities across the five communes.

According to the provincial hydrometeorological station, rain and thunderstorms accompanied by whirlwinds, lightning and strong gusts are expected to continue through Friday evening.

Xinhua


Commander-in-Chief of Defence Services General Ye Win Oo receives delegation led by Secretary-General of Thai National Security Council

NAY PYI TAW August 27

Commander-in-Chief of Defence Services General Ye Win Oo received a delegation led by Secretary-General Mr. Chatchai Bangchuad of the National Security Council of Thailand at the parlour of Zeyathiri Beikman in Nay Pyi Taw this morning.

Also present together with the Commander-in-Chief of Defence Services were senior military officers from the Office of the Commander-in-Chief (Army) and the Secretary-General of the National Security Council was accompanied by the deputy secretary-general, the deputy commander-in-chief of the Royal Thai Armed Forces and officials from Thailand.

They discussed the successful holding of the 9th High Level Committee (9th HLC) in Thailand, plans to successfully carry out tasks to ensure stability, the rule of law, development and anti-terrorism by boosting cooperation between the armed forces of the two countries, matters related to border trade, effective prevention and combat against online scams/gambling by the State as a national responsibility, further boosting cooperation between the two governments and two armed forces as more than 99 percent of those who were involved in online scams/gambling had illegally crossed the border, prevention and control of illegal trafficking of arms and ammunition, narcotic drugs and restricted chemicals, plans for full security cooperation to enable the people in border areas of the two countries to lead their lives peacefully, exchange of information in real time and measures to be taken to further strengthen existing friendship and cooperation between the two armed forces.



Commander-in-Chief of Defence Services General Ye Win Oo receives Secretary-General Mr. Chatchai Bangchuad of the National Security Council of Thailand at the parlour of Zeyathiri Beikman in Nay Pyi Taw.

After the meeting, the Commander-in-Chief of Defence Services and the secretary-general of the National Security Council of Thailand exchanged gifts and posed for documentary photographs.

100

Online scam and gambling operators arrested along with equipment in Muse





Arrest of online fraud and gambling perpetrators in Muse.

NAY PYI TAW August 27

The Government is prioritizing efforts as a national duty to identify, prevent, and combat online scam and gambling operations carried out by individuals who have illegally entered Myanmar—actions that pose severe threats to the socio-economic well-being of both the local population and people worldwide. The government is also coordinating closely with neighbouring administrations to effectively uncover, arrest, and prosecute offenders.

Acting on tip-offs from responsible citizens reporting that online fraud and gambling perpetrators were residing in Kaunghmutone Ward, Muse, Northern Shan State, a joint task force comprising security personnel conducted investigative searches of houses in the area. At around 10:15 am today, authorities raided a residence on the bypass road in the Hona sector of Kaunghmutone Ward and arrested a total of 31 suspects: 18 Chinese men, 5 Myanmar men, and 8 Myanmar women. Authorities seized operational equipment along with the suspects, including 422 assorted mobile phones, 18 all-in-one computers, 20 desktop computers and related accessories, two Starlink units, two Wi-Fi devices, 24,500 Chinese Yuan, one Lexus vehicle, two Toyota Crown vehicles, and three assorted motorcycles.

Effective and severe legal action will be taken against the arrested suspects under existing laws upon the completion of necessary investigations, and the seized operational equipment will be handled in accordance with established procedures.

The State continues to actively collaborate with neighbouring countries, regional partners, and international organizations to combat online scam and gambling operations, aiming to eradicate these criminal activities and prevent perpetrators from establishing operations within Myanmar.

100

Public Notice for Elimination of Violence


1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသားအမျိုးသား ၅ ဦး၊ အမျိုးသမီး ၈ ဦး၊ စုစုပေါင်း ၃၁ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ



မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိလူသားမျိုးနွယ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများရောက်ရှိအနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါရပ်ကွက်အတွင်းရှိ နေအိမ်များအား စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ကောင်းမှုတုံရပ်ကွက်၊ ဟိုနားနယ်မြေ၊ မြို့ရှောင်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၅ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ၈ ဦး၊ စုစုပေါင်း ၃၁ ဦးတို့အား ဖုန်းမျိုးစုံ ၄၂၂ လုံး၊ All In One ကွန်ပျူတာ ၁၈ လုံး၊ Desktop ကွန်ပျူတာ ၂၀ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ Star Link ၂ လုံး၊ Wifi စက် ၂ လုံး၊ တရုတ်ငွေ ၂၄၅၀၀ ယွမ်၊ Lexus အမျိုးအစားမော်တော်ယာဉ် ၁ စီး၊ Crown အမျိုးအစား မော်တော်ယာဉ် ၂ စီး၊ ဆိုင်ကယ်မျိုးစုံ ၃ စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။







မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့်နေအိမ်နှင့် ဆက်စပ်ပစ္စည်းများအားဖမ်းဆီးရမိစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက်(၂၂)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် Geobags သဲအိတ်များချ၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့်နှုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသံဘ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီး **စာမျက်နှာ ၂၃ သို့** ○

◆ ညောင်တုန်းမြို့နယ်မှ

နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ (Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ မြစ်ဘက် Slope အခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

➤ ကျောဖုံးမှအဆက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသ အနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။ မိုးကြီးမည့်သတိပေးချက်နှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(မိုး/၈လ)

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအချက်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၁-၈-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၈-၆-၂၀၂၆ ရက်နေ့မှ ၁၇-၇-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ၁၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ခုနစ်ဦး စုစုပေါင်း ၂၂ ဦး တို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၂၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

❍ စာမျက်နှာ ၂၂ မှ

ရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ်လ ၁၄ ရက်တွင် ဝဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၅ ပေ ၂ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၆ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၈ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၁ ပေ ၂ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ဝဝန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၁၁ လက်မခန့်သာကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာ-ဟင်္သာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများအား အများပြည်သူများနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။


ထို့ပြင် ဝဝန်ပန်းတာရောင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြိုးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်



PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အကြမ်းဖက်ဖမ်းဆီး၍ ရက်စက်စွာနှိပ်စက်သတ်ဖြတ်ခံခဲ့ရသည့် ဆရာတော် အရှင်ဣန္ဒာစာရ၏ ရုပ်အလောင်းမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၇

NUG၊ CRPH အကြမ်းဖက်အဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေရန်နှင့် မြို့၊ ရွာများအတွင်း တိုက်ပွဲများ ဖော်ဆောင်ရန်အတွက် သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည့်အပြင် အေးချမ်းစွာတရားဘာဝနာပွားများအားထုတ်လျက်ရှိသော သံဃာတော်များကိုလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများလုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ၃၀ ဦးခန့်သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ မုံရွာ- ရေစကြိုကားလမ်းပေါ်၌ တည်ရှိသည့် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းသို့ လက်နက်များကိုယ်စီကိုင်ဆောင်၍ရောက်ရှိလာပြီးလက်ထောက်ကျောင်းထိုင်ဆရာတော် အရှင်ဣန္ဒာစာရ၊ သက်တော် (၅၂)နှစ်၊ ဝါတော် (၂၂)ဝါနှင့် အဆိုပါကျေးရွာတွင် နေထိုင်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ (၆၀)နှစ်၊ ဒေါ်နီလာထွန်း (၄၂)နှစ်၊ ဦးမျိုးနိုင် (၆၀)နှစ်၊ ဦးသဲမောင်ဆွေ (၂၄)နှစ်၊ ဦးမျိုးထွန်းအောင် (၃၈)နှစ်၊ ဦးသက်ထွေး (၂၃)နှစ်၊ စုစုပေါင်း ၇ ဦးအား လိုရာစွဲခေါင်းစဉ်တပ်၍ မထိသာကျေးရွာဘက်သို့ အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဖမ်းဆီးထားသူ ၇ ဦးအနက်မှ ဦးမျိုးထွန်းအောင်နှင့် ဦးသက်ထွေးတို့ ၂ ဦးအား ပြန်လည်စေလွှတ်ပေးခဲ့သည်။ ဆက်လက်၍ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ဩဂုတ်လ ၂၄ ရက်နေ့ ညပိုင်းတွင် ကျေးရွာနေ ပြည်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ (၆၅)နှစ်၊ ဦးမှတ်တင် (၆၃)နှစ်နှင့် ဦးမြတ်ထွန်း (၇၀)နှစ်တို့ ၃ ဦးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသဖြင့် စုစုပေါင်း ဆရာတော် ၁ ပါးနှင့် အပြစ်မဲ့ဒေသခံပြည်သူ ၇ ဦးတို့အား ဖမ်းဆီးခေါ်ဆောင်ထားကြောင်း သိရှိရသည်။

ထိုသို့ ဖမ်းဆီးသွားပြီးနောက် အကြမ်းဖက်သမားများက ဆရာတော် အရှင်ဣန္ဒာစာရအား လူမဆန်စွာဖြင့် တင်ပါး၊ ခြေသလုံး၊ ပေါင်၊ ကျောနှင့် ရင်ဘတ်တို့အား တုတ်ဖြင့် ရိုက်နှက်ခြင်း၊ မီးစနှင့်ထိုးခြင်း၊ လက်ချောင်းနှင့် ခန္ဓာကိုယ်အချို့နေရာများတွင် အသားအား ဓားဖြင့်လှီးဖြတ်ခြင်းများဖြင့် ရက်စက်စွာ အကြမ်းဖက်နှိပ်စက်မှုများကြောင့် ဆရာတော်သည် ပျံလွန်တော်မူခဲ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ဆရာတော်၏ ရုပ်အလောင်းအား ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် မထိသာကျေးရွာအနီးသို့ လာရောက်ယူဆောင်ရန် အကြောင်းကြားလာသဖြင့် ကျေးရွာနေ ပြည်သူများက လူမှုကူညီရေးအသင်းမော်တော်ယာဉ်ဖြင့် သွားရောက်သယ်ဆောင်ခဲ့ပြီး ရွှေဒါးကျကျေးရွာ၌ မီးသင်္ဂြိဟ်ပေးခဲ့ကြသည်။

အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်ဖမ်းဆီးနှိပ်စက်မှုကြောင့် ဆရာတော်ဝပျံလွန်တော်မူခဲ့ခြင်းအား ဖုံးကွယ်ဖြေရှင်းနိုင်ရန်အတွက် DCS ပြုလုပ်ထားသည့် ဆရာဝန်တစ်ဦး၏ အကူအညီဖြင့် ဆေးမှတ်တမ်းများ အတုပြုလုပ်ကာ မဟုတ်မမှန်လိမ်လည်ဝါဒဖြန့်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် အပြစ်မဲ့ဒေသခံပြည်သူ (၇)ဦးကိုလည်း ဖမ်းဆီးထားဆဲဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူကိုးကွယ်ယုံကြည်ရာဖြစ်သော အေးချမ်းစွာတရားဘာဝနာပွားများအားထုတ်လျက်ရှိသည့် ဆရာတော်အား အောက်တန်းကျစွာ ရက်ရက်စက်စက်နှိပ်စက်သတ်ဖြတ်ခဲ့ကြသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအား ဒေသခံပြည်သူများက ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်း၊ အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရွတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရေး ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းဖွင့်





နေပြည်တော် ဩဂုတ် ၂၇

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ညောင်တုန်းမြို့နယ်တွင် ထပ်မံဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စုစုပေါင်းစီမံကိန်းမြို့နယ် ၃၉ ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူ စုစုပေါင်း ၁၃၄၂၂ ဦးကို မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်များထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ဧရာဝတီတိုင်းဒေသကြီးတွင် မသန်စွမ်းသူဦးရေ လေးသိန်းခွဲနီးပါးရှိပြီး မသန်စွမ်းဖြစ်ပွားမှုနှုန်း ၈ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တိုင်းဒေသကြီးများတွင် အမြင့်မားဆုံးဖြစ်ကာ ညောင်တုန်းမြို့နယ်တွင် မသန်စွမ်းသူဦးရေ တစ်သောင်းကျော်ရှိကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ မသန်စွမ်းသူများအတွက် အများတန်းတူအခွင့်အရေးနှင့် ခံစားခွင့်များအပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းသည် မသန်စွမ်းသူများအတွက် မူဝါဒများရေးဆွဲချမှတ်ရာမှာ အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် အရေးပါသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မသန်စွမ်းသူများအသင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၃၃·c
ရန်ကုန်	၂၄·c	/	၃၀·c
မန္တလေး	၂၇·c	/	၃၆·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

၆၆ ကေဗွီ ပုသိမ် ဇရုတ်ကောင်းတောင်-(ကံကုန်း)ဓာတ်အားလိုင်း ဓာတ်အား ပြတ်တောက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် သြဂုတ် ၂၇

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မဟာဓာတ်အားလိုင်းမှူးရုံး (ရေကြည်)မှ တာဝန်ယူထိန်းသိမ်းသည့် ၆၆ ကေဗွီ ပုသိမ် ဇရုတ်ကောင်းတောင်-(ကံကုန်း) ဓာတ်အားလိုင်းသည် သြဂုတ်လ ၂၆ ရက် ညနေ ၅ နာရီ ၄၈ မိနစ်တွင် ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းပြတ်တောက်မှုကြောင့် ဇရုတ်ကောင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်လျက်ရှိကြောင်းနှင့် ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်မှုအား မဟာဓာတ်အားလိုင်းမှူးရုံး(ရေကြည်)မှ ဝန်ထမ်းများက ဓာတ်အားလိုင်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအတွင်းရှိ ပြည်သူလူထုမှလည်း အဆိုပါ ဓာတ်အားလိုင်းနှင့်ပတ်သက်၍ ထူးခြားမှုတစ်စုံတစ်ရာသိရှိပါက နီးစပ်ရာလျှပ်စစ်ရုံးများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။

မြဝတီ

▲▲ ကျောဖုံးမှအဆက်

ဦးစွာ အမျိုးသား(၃)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး(၃)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဇာတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

သြဂုတ်လ ၂၈ရက်(**ယနေ့**)တွင်အမျိုးသား/အမျိုးသမီး (၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များမည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေနှင့်သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် သြဂုတ် ၂၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆ လက်မခန့်၊ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေနံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေ ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့၊မဒေါက်မြို့နှင့် မြဝတီမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

(၂၇-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄.၈ ~ ၃၆၆.၉	၅၅.၃၃.၃ ~ ၅၅.၈၈.၇	၁၂.၄.၉ ~ ၁၂.၅.၇	၄.၀၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၂၆,၇၆၃,၀၇၉.၂၁	၃၆,၇၈၄,၄၄၇.၉၄	၂၈,၅၈၉,၀၁၂.၇၀	-

---

စာအုပ်စာပေ လူမိတ်ဆွေ၊ အလိမ္မာ စာမှာရှိ

▼▼ M League 2026–2027 မှ

ရန်ကုန်မြို့ရှိပဒေသာကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြမည်ဖြစ်သည်။

M League ပြိုင်ပွဲတွင် အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမအကျော့ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် သြဂုတ်လ ၂၈ ရက်မှ ဒီဇင်ဘာလ ၂၁ ရက်အထိ ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်း၊ YUSC ကွင်း၊ သီဟဒီပကွင်း၊ ပဒေသာကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်း၊ ပဲခူးမြို့ရှိ Grand Royal ကွင်း၊ တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်းနှင့်ပုသိမ်မြို့ရှိကျောက်တိုင်အားကစားကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ ဒုတိယအကျော့ပွဲစဉ်များကို ၂၀၂၇ ခုနှစ် ဧနခေါ်ရီလ ၁ ရက်မှ မတ်လ ၁၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် တောင်ကြီး၌လည်းကောင်း၊ ရန်ကုန်ယူနိုက်တက်အသင်းသည် YUSC ကွင်း၌လည်းကောင်း၊ ISPE အသင်းသည် သီဟဒီပကွင်း၌လည်းကောင်း၊ ဟံသာဝတီယူနိုက်တက်အသင်းသည် ပဲခူး၌လည်းကောင်း၊ ရတနာပုံအသင်းသည် ဗထူး၌လည်းကောင်း၊ ဧရာဝတီယူနိုက်တက်အသင်းသည် ပုသိမ်၌လည်းကောင်း၊ ရန်ကုန်စီးတီးအသင်းသည် ပဒေသာ/မြဝတီတာကွင်းတို့၌လည်းကောင်း အိမ်ကွင်းပွဲစဉ်များ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

---

၁ သာစည်မြို့နယ်မှ

ည ၁၁ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် ထက်အောင်မောင်းနှင်ပြီး တိုးတက်အောင်လိုက်ပါလာသော NISSAN ၁၂ ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှစိတ်ကြွဆေးပြား ၅ ဒသမ ၂၈ သန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၉၂ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား တောင်ကြီးမှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းသူမှာ အောင်ပန်းမြို့၊ (၃)ရပ်ကွက်နေ ခွန်ရဲထွဋ် (၁) ရဲထွဋ် (ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မြဝတီ

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် သြဂုတ် ၂၇

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စုစုအေး(ခ) မမေအေးနှင့်ကိုညီတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ရပ်ကွက်(၂) ပြည်လုံးချမ်းသာရပ်နေ အမျိုးသမီးတစ်ဦးကို ရှမ်းပြည်နယ် မူဆယ်မြို့နယ် တောင်ရပ်ကွက်နေ မအေးခိုင်(ခ) မိခိုင်နှင့် ခင်ပွန်းဖြစ်သူ စိုင်းရှင်းသန့်ကျော်တို့က တရုတ်ယောကျ်ားပေးစားရန် TikTok အကောင့်မှ စည်းရုံးပြီး ရှမ်းပြည်နယ် ကျောက်မဲမြို့ ရပ်ကွက်(၂)နေ စုစုအေး(ခ) မမေအေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ကိုညီတို့နှင့် ချိတ်ဆက်၍ မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်စေရန် ပို့ဆောင်ခဲ့ကြောင်း စီစစ်သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၁၃၃/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ်လ ၂၅ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ စိုင်းရှင်းသန့်ကျော်ကိုရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၈(၁)အရ အမှုမှအပြီးအပြတ်လွှတ်ရန်နှင့် မအေးခိုင်(ခ)မိခိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စုစုအေး(ခ)မမေအေးနှင့် ကိုညီတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/၈လ)

လူမှုကွန်ရက်ပေါ်တွင် လိင်တူအချင်းချင်းချစ်ကြိုက်သည့် BL (Boys' Love), GL (Girls' Love) စာအုပ်များကြော်ငြာရောင်းချနေသည့် Facebook Page များအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ Facebook Page (၉) ခုသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)ပါ "ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ထုတ်ဝေသူသည် ၎င်းထုတ်ဝေသောမည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ပေးပို့ရမည်" ဆိုသည့် ပြဋ္ဌာန်းချက်ကိုလည်းကောင်း ပုဒ်မ ၁၅ ပါ "မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ" ဆိုသည့် တားမြစ်ချက်ကိုလည်းကောင်း ဖောက်ဖျက်ကျူးလွန်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီခြင်းမရှိဘဲ လူငယ်များ၏တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော လိင်တူအချင်းချင်းချစ်ကြိုက်သည့် BL(Boys' Love), GL(Girls' Love) စာအုပ်များကို ရောင်းချနေသည့် တရားမဝင်စာမျက်နှာများဖြစ်ကြောင်း တွေ့ရှိရပါသည်-

စဉ်	အမည်	Facebook Page Link	Telegram Link	TikTok Link	မှတ်ချက်
(က)	ရွှေအိမ်စာပေ	https://www.facebook.com/share/p/1CiwhaS2oz/	-	https://www.tiktok.com/@shweeain12200?_r=1&_t=ZS-98ys3wpxTme	ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်း မရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်းမရှိသော BL (Boys' Love), GL (Girls' Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာရောင်းချနေခြင်း။
(ခ)	ဆူးခေတ် စာပေ	https://www.facebook.com/share/p/1946LzyTJt/	@hsuukbook (Personal Acc)	https://www.tiktok.com/@hsuukhit?_r=1&_t=ZS-98ysH6qSFWv	ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်းမရှိသော BL (Boys' Love), GL (Girls' Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာရောင်းချနေခြင်း။
(ဂ)	Chi စာပေ	https://www.facebook.com/share/p/1BhU2PQGSx	t.me/Qisarpay	https://www.tiktok.com/@chi42299?_r=1&_t=ZS-98ysRady fJ6	။
(ဃ)	ဘဝထက် စာပေ	https://www.facebook.com/share/p/1DMhy3tXWA/	t.me/bowahtetsarpay85	https://www.tiktok.com/@bawahtetsarpay?_r=1&_t=ZS-98yse3r0yLV	။
(င)	ဧရိပ်-A Yeik	https://www.facebook.com/share/p/1EiNLPJCtZ/	https://t.me/ayeikbookland	https://www.tiktok.com/@ayeik_?_r=1&_t=ZS-98 yspUr1ANI	။
(စ)	Alora Eleven Book House	https://www.facebook.com/share/p/1LD4Y5bocx/	https://t.me/aloraelevenbookhouse	https://www.tiktok.com/@aloraelevenbookhouse?_r=1&_t=ZS-98ysvqnipWO	။
(ဆ)	Libra Book Shop (Chuu Sein)	https://www.facebook.com/share/p/1BhRSdW96M/	https://t.me/librabookshop131124	https://www.tiktok.com/@daw.chuu.sein?_r=1&_t=ZS-98yt0ze 2x3U	ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်းမရှိသော BL (Boys' Love), GL (Girls' Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာရောင်းချနေခြင်း။
(ဇ)	Nway Oo Kant Kaw-နွေဦးကုံကော်စာအုပ်ဆိုင်	https://www.facebook.com/share/p/1DBUaZbRBN/	https://t.me/Nwayookantkawbook	https://www.tiktok.com/@nwayookantkawbookshop?_r=1&_t=ZS-98 yt4BQnGq5	။
(ဈ)	Z For Zodiac	https://www.facebook.com/share/p/18jzmoddiS/	@zforzodiac25	https://www.tiktok.com/@zforzodiac3?_r=1&_t=ZS-98yt905eN3k	။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအားဖတ်ရှုလေ့လာ၍ စိစစ်ကြပ်မတ်လျက်ရှိပါကြောင်းနှင့် အဆိုပါဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သောထုတ်ဝေစာများကိုထုတ်ဝေသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူများ၊ ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်းမရှိသည့် တရားမဝင်ထုတ်ဝေစာများကိုရောင်းချနေသည့် စာအုပ်အရောင်းဆိုင်များအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းများကိုဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူ၊ ထုတ်ဝေသူများနှင့် BL(Boys' Love), GL(Girls' Love) စာအုပ်များအားရောင်းချနေသည့် တရားမဝင်စာအုပ်အရောင်းဆိုင်များ၊ Facebook Page များအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်နေသည့် ထုတ်ဝေစာများကို ရောင်းချခြင်းပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၈-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်ကွေ	တာချီလိတ်	မော်လမြိုင်	လားရှိုး	တောင်ကြီး	ပလိုင်ကော်	ဟားခါး
92 Ron	၃၇၁၀	၃၈၆၅	၃၈၁၅	၃၇၂၅	၃၈၆၅	၃၈၈၀	၃၉၁၅	၃၇၉၅	၄၁၆၀	၄၁၉၀	၃၈၁၅	၃၉၃၀	၃၉၀၅	၃၈၆၅	၃၈၇၅	၄၁၀၅
95 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၂၂၀	၃၉၇၀	၄၀၀၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
HSD (500 ppm)	၄၂၄၀	၄၃၈၅	၄၃၄၀	၄၂၅၅	၄၃၉၀	၄၄၀၅	၄၄၃၅	၄၃၂၀	-	၄၇၀၀	၄၃၄၀	၄၈၅၀	၄၄၂၅	၄၃၈၅	၄၃၉၅	၄၆၁၅
HSD (50 ppm)	၅၁၄၀	၅၂၉၅	၅၂၄၅	၅၁၇၅	၅၂၉၅	၅၃၁၀	၅၃၄၅	၅၂၂၅	၅၅၂၀	၅၆၂၀	၅၂၄၅	၅၃၈၅	၅၃၄၅	၅၂၉၅	၅၃၀၅	၅၅၄၅
HSD (10 ppm)	၅၁၄၀	၅၂၉၅	၅၂၄၅	၅၁၇၅	၅၂၉၅	၅၃၁၀	၅၃၄၅	၅၂၂၅		၅၆၂၀	၅၂၄၅	၅၃၈၅	၅၃၄၅	၅၂၉၅	၅၃၀၅	၅၅၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၅၁၀	၃၆၁၄
95 Ron	၃၆၁၃	၃၇၁၉
HSD (500 ppm)	၄၀၃၇	၄၁၄၇
HSD (50 ppm)	၄၈၉၅	၅၀၂၃
HSD (10 ppm)	၄၈၉၅	၅၀၂၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၅၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

အီရန်စစ်ပွဲအဆုံးသတ်ဖို့ လက်ရှိမှာ ဆွေးနွေးနေမှု မရှိသေး

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်နဲ့ အီရန်တို့ကြားဖြစ်ပွားနေတဲ့စစ်ပွဲကိုအဆုံးသတ်ဖို့ လက်ရှိနှစ်နိုင်ငံကြား ဆွေးနွေးနေမှုမရှိသေးသလို အမေရိကန်အနေနဲ့ ရွေးချယ်စရာနည်းလမ်းပေါင်းစုံကို ဆွေးနွေးနေဆဲဖြစ်တယ်လို့ အိမ်ဖြူတော်မှပြောရေးဆိုခွင့်ရှိသူ ကယ်ရိလင်းလီဗစ်က ဩဂုတ်လ ၂၇ ရက်မှာ Fox News နဲ့အင်တာဗျူးအတွင်း ပြောပါတယ်။

သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ပထမဦးစားပေးရည်မှန်းချက်ဟာ အီရန်နိုင်ငံအနေနဲ့ နျူကလီးယားလက်နက်ကို ဘယ်တော့မှ မရရှိစေဖို့ဖြစ်ပြီး လက်ရှိအီရန်ကိုချေမှုန်းဖို့ Operation Epic Fury ကို ဆောင်ရွက်သလို အီရန်ရဲ့စီးပွားရေးကိုဖြိုခွဲဖို့ Operation Economic Outcast ကိုလည်း ဆက်လက်ဆောင်ရွက်နေတယ်လို့ သူကဆိုပါတယ်။

အီရန်ဘက်က အဓိပ္ပာယ်ရှိရှိ စေတနာမှန်မှန်နဲ့ ဆွေးနွေးပွဲစားပွဲဝိုင်းဆီ ရောက်မလာမချင်း အမေရိကန်က အနီးကပ်ပိတ်ဆို့မှုတွေနဲ့ ဖိအားပေးမှုတွေကိုဆက်လက်ပြုလုပ်သွားမှာဖြစ်တဲ့အပြင် ပင်လယ်ရေကြောင်း ပိတ်ဆို့မှုကိုလည်း ဆက်လက်ဆောင်ရွက်ကာ ထရမ့်အနေနဲ့ စစ်ရေးအရ အရေးယူမှုအပါအဝင် နည်းလမ်းပေါင်းစုံအသုံးပြုဖို့ ပြင်ဆင်ထားဆဲဖြစ်တယ်လို့ ကယ်ရိလင်းလီဗစ်ကပြောကြောင်း သတင်းဌာနက ဖော်ပြထားပါတယ်။

Ref: AGC



ကမ္ဘာ့မြေဆီလွှာထက်ဝက်ကျော်က စိုးရိမ်ဖွယ်ကောင်းစွာ ပျက်စီးလာနေတယ်လို့ ကုလသမဂ္ဂထုတ်ပြန်

ပဲရစ်၊ စိုက်ပျိုးရေး

ကမ္ဘာတစ်ဝန်းရှိ မြေဆီလွှာထက်ဝက်ကျော်ဟာ စိုးရိမ်ဖွယ်ပျက်စီးယိုယွင်းနေပြီး နည်းလမ်းကောင်းတွေရှိပေမယ့် လက်တွေ့အသုံးမပြုနိုင်သေးဘူးလို့ ကုလသမဂ္ဂ အစားအသောက်နဲ့ စိုက်ပျိုးရေးအဖွဲ့ (FAO) က ဩဂုတ်လ ၂၇ ရက်မှာ သတိပေးချက်ထုတ်ပြန်လိုက်ပါတယ်။ မြေဆီလွှာပျက်စီးယိုယွင်းမှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနဲ့ ဇီဝမျိုးစုံမျိုးကွဲအပေါ် ကြီးမားတဲ့ ခြိမ်းခြောက်မှုဖြစ်စေတယ်လို့လည်း ဆိုပါတယ်။

မြေဆီလွှာဟာ စားနပ်ရိက္ခာထုတ်လုပ်မှု ၉၅ ရာခိုင်နှုန်းကို ထောက်ပံ့ပေးထားပြီး သမုဒ္ဒရာပြီးရင် ကမ္ဘာပေါ်မှာ ကာဗွန်အများဆုံးစုပ်ယူသိုလှောင်ပေးထားတဲ့ သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ စိုက်ပျိုးမြေ ၅၂ ဒသမ ၅ ရာခိုင်နှုန်းမှာ မြေဆီလွှာတွေညံ့ဖျင်းနေပြီး ၁၄ ရာခိုင်နှုန်းခန့်မှာသာ ကောင်းမွန်တဲ့ အခြေအနေရှိနေတယ်လို့ သိရပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်း ကမ္ဘာ့လူဦးရေက သန်း ၈၀၀ တိုးလာပြီး စိုက်ပျိုးမြေကော မြောက်မြားစွာတိုးချဲ့လာပေမယ့်မြေဆီလွှာ စောင့်ရှောက်မှုကတော့ လျော့နည်းနေဆဲပါပဲ။

မြေဆီလွှာပျက်စီးရခြင်းရဲ့ အဓိကကျတဲ့ အကြောင်းရင်းဟာ မြေဆီလွှာတိုက်စားခံရခြင်းကြောင့်ဖြစ်ပြီး သဘာဝဓာတ်သတ္တုလျော့နည်းခြင်း၊ ဓာတ်မြေဩဇာကိုအလွန်အကျွံသုံးခြင်းနဲ့ မြို့ပြတိုးချဲ့ခြင်းတို့ကလည်း သက်ရောက်မှုရှိနေပါတယ်။ တစ်ချိန်တည်းမှာ ရာသီဥတုပြောင်းလဲမှုက ဒီပြဿနာကို ပိုမိုဆိုးရွားစေပါတယ်။

မြေဆီလွှာထိန်းသိမ်းဖို့ ထွန်ယက်မှုကို လျှော့ချတာ၊ ပဲမျိုးစုံနဲ့ အခြားသီးနှံတွေကို စိုက်ပျိုးတာ၊ သစ်တောနဲ့ စိုက်ပျိုးရေးကို ပေါင်းစပ်တာ စတဲ့နည်းလမ်းကောင်းတွေရှိနေပြီးသား ဖြစ်ပါတယ်။ စိုက်ပျိုးသူတွေဘက်ကလည်း နည်းပညာကိုမသိတာမျိုး မဟုတ်ဘဲ ငွေကြေးနဲ့ အရင်းအမြစ် ခက်ခဲမှုတွေကြောင့် လက်တွေ့မကျင့်သုံးနိုင်ကြတာဖြစ်တယ်လို့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

Ref: ST

ဗြိတိန်စစ်စခန်းများ ရုရှားရဲ့ တရားဝင်ပစ်မှတ် ဖြစ်လာမယ်လို့ဆို

မော်စကို၊ စစ်ရေး

ယူကရိန်းတပ်ဖွဲ့တွေအနေနဲ့ ဗြိတိန်က ထောက်ပံ့ပေးထားတဲ့ လက်နက်တွေအသုံးပြုပြီး ရုရှားပိုင်နက်တွေကိုဆက်လက်တိုက်ခိုက်နေမယ်ဆိုရင် ယူကရိန်းအတွင်းမှာရှိတဲ့ သို့မဟုတ် ယူကရိန်းပြင်ပမှာရှိတဲ့ ဗြိတိန်ရဲ့ စစ်စခန်းတွေနဲ့ စစ်လက်နက်ပစ္စည်းတွေက ရုရှားရဲ့ တရားဝင်ပစ်မှတ်များဖြစ်လာနိုင်တယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ဩဂုတ်လ ၂၇ ရက်မှာ သတိပေးလိုက်ပါတယ်။

ယူကရိန်းတပ်ဖွဲ့တွေဟာ ဗြိတိန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံတို့ပူးပေါင်းထုတ်လုပ်ထားတဲ့ Storm Shadow/SCALP ဒုံးကျည်တွေကို အသုံးပြုပြီး ဒန်းညာက်ဒေသကို တိုက်ခိုက်ခဲ့တာကြောင့် ကလေး ၂ ဦးအပါအဝင် အရပ်သား ၈ ဦး ဒဏ်ရာရရှိပြီးနောက်ရုရှားရဲ့ သတိပေးချက်ထွက်ပေါ်လာတာပါ။ ရုရှားပြည်သူတွေကို အခုလိုတိုက်ခိုက်မှုအတွက် တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပါဝင်သူအားလုံး အကျိုးဆက်ကိုရင်ဆိုင်ရလိမ့်မယ်လို့ ဇာခါရိုဗာက ဆိုပါတယ်။

ဒါ့အပြင် ဗြိတိန်အစိုးရအနေနဲ့ ရုရှားကို မဟာဗျူဟာမြောက် စစ်ရှုံးစေဖို့ကြိုးပမ်းနေတဲ့မူဝါဒတွေကို ချက်ချင်းစွန့်လွှတ်ဖို့နဲ့ အခြေအနေတွေကို ပိုမိုဆိုးရွားမသွားစေဖို့ သူကသတိပေးထားပါတယ်။

Ref: RT

တရုတ်-နီပေါနယ်စပ်အနီး ပြင်းထန်တဲ့ရေကြီးမှုကြောင့် သေဆုံးသူ ၃၈၉ ဦးရှိလာပြီး လူ ၁၀၀၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်

ပေကျင်း၊ သဘာဝဘေး

တရုတ်-နီပေါ နယ်စပ် ဟိမဝန္တာတောင်တန်းဒေသမှာဖြစ်ပွားတဲ့ အလွန်ပြင်းထန်တဲ့ ရေကြီးမှုနဲ့ ရွှံ့ညွန့်ပြိုကျမှုကြောင့် သေဆုံးသူ ၃၈၉ ဦးအထိရှိလာပြီး နိုင်ငံခြားသားရာပေါင်းများစွာအပါအဝင် လူ ၁၀၀၀ ကျော် ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဩဂုတ်လ ၂၇ ရက်မှာ ထုတ်ပြန်ထားပါတယ်။ လက်ရှိအချက်အလက်တွေအရ တရုတ်ဘက်မှာ ၅၅၈ ဦး ပျောက်ဆုံးနေသလို နီပေါဘက်မှာတော့ ပျောက်ဆုံးသူ ၆၆၇ ဦးအထိရှိနေပါတယ်။

ပျောက်ဆုံးနေသူတွေထဲမှာ အိန္ဒိယ၊ အမေရိကန်၊ မလေးရှားနဲ့ ဗြိတိန်အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံကျော်မှ နိုင်ငံခြားသား ခရီးသွား ၅၄၀ ကျော် ပါဝင်နေပြီး အများစုဟာ ဘုရားဖူးဧည့်သည်တွေ ဖြစ်ပါတယ်။



ဒီသဘာဝဘေးဟာ နီပေါဘက်ရှိ မြင့်မားတဲ့ရေခဲမြစ်ပြိုကျရာကနေ စတင်ခဲ့တာပါ။ ပညာရှင်တွေရဲ့အဆိုအရ ရေခဲထုပြိုကျမှုဟာ ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူရိုတဲ့ ငလျင်တစ်ခုနဲ့ညီမျှတဲ့စွမ်းအင်ကို ထုတ်လွှတ်ပြီး ရွှံ့ညွန့်တွေနဲ့အတူ ရေတွေက တရုတ်နယ်စပ် ဂျီရန်းဂိတ်ဆီ ဒလဟောစီးဆင်းရိုက်ခတ်ခဲ့တာဖြစ်ပါတယ်။

တရုတ်အစိုးရက ကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၅၀၀ ကျော်နဲ့ ဝန်ကြီးချုပ် လီကျန်းကိုယ်တိုင် သွားရောက်ကြီးကြပ်နေပေမယ့် ရေခဲမြစ်ပြိုကျမှုကြောင့် မြစ်ကြောင်းပိတ်ဆို့ကာ သဘာဝရေကန်ကြီးဖြစ်ပေါ်နေတဲ့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရတာ အတော်လေးခက်ခဲနေပါတယ်။

ပိတ်ဆို့ရေကန်ထဲမှာ ရေကုဗမီတာ ၂ သန်းကျော်ပိတ်မိနေပြီး လာမယ့်ရက်တွေမှာ မိုးဆက်လက်ရွာသွန်းဦးမှာမို့ တမံကျိုးပေါက်တာနဲ့ နောက်ဆက်တွဲမြေပြိုမှုတွေထပ်မံဖြစ်ပွားမှာကို စိုးရိမ်ရပါတယ်။ လက်ရှိမှာတော့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နဲ့ဖုန်းလိုင်းတွေ လုံးဝပြတ်တောက်နေတာကြောင့် အခင်းဖြစ်ပွားရာနေရာတွေနဲ့ တိုက်ရိုက်ဆက်သွယ်ဖို့ခက်ခဲနေဆဲဖြစ်ပါတယ်။

Ref: SCMP



ဂျာမနီမှာ အပူဒဏ်ကြောင့်သေဆုံးသူ ၁၅၀၀ အထိရှိလာ

ဘာလင်၊ ရာသီဥတု

ဂျာမနီနိုင်ငံမှာ ဒီနှစ်နွေရာသီအတွင်း အပူဒဏ်ကြောင့်သေဆုံးသူဦးရေ ၁၅၀၀ အထိရှိလာတယ်လို့ အမျိုးသားပြည်သူ့ကျန်းမာရေးဌာနက ဩဂုတ်လ ၂၇ ရက်မှာထုတ်ပြန်ထားပါတယ်။ သေဆုံးသူများအနက်အများစုက အသက် ၇၅ နှစ်အထက်ရှိသူတွေဖြစ်ပြီး သေဆုံးသူ ၉၆၀၀ ဝန်းကျင်ဟာလည်း ဇွန်လနှောင်းပိုင်း သီတင်းပတ်တစ်ပတ်အတွင်းမှာတင် သေဆုံးခဲ့တာပါ။ အဲဒီအချိန်တုန်းက ဂျာမနီနိုင်ငံရဲ့အပူချိန်ဟာ ၄၀ ဒီဂရီစင်တီဂရိတ်နဲ့အထက်ရှိနေပါတယ်။

ဇူလိုင်လနှောင်းပိုင်းနဲ့ ဩဂုတ်လလယ်ပိုင်းအတွင်းမှာတော့ သေဆုံးသူ ၄၀၀၀ ရှိတယ်လို့ ကျန်းမာရေးဌာနရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ ဥရောပရဲ့ ဒီနှစ်နွေရာသီက တော်တော်လေးကို ပြင်းထန်ခဲ့တာပါ။ အပူချိန်ပြင်းထန်မှုနဲ့အတူ မိုးခေါင်မှုတွေလည်းဖြစ်ပွားပါတယ်။ အဲဒီကနေမှတစ်ဆင့် တောမီးလောင်တာတွေ၊ သီးနှံစိုက်ခင်းပျက်စီးတာတွေ၊ မြစ်ကြီးတွေမှာ ရေခန်းခြောက်လာတာတွေဖြစ်ပွားပါတယ်။ ပြင်သစ်၊ ဗြိတိန်နဲ့ဓဝိန်တို့မှာလည်း အပူဒဏ်ကြောင့်သေဆုံးသူ ထောင်နဲ့ချီရှိတယ်လို့သိရပါတယ်။

Ref: BP

ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်ကစားသမားများဖြစ်သည့် ဆူလီဗန်နှင့် မက်ခ်ဆဲဘိုင်တို့တွေ့ဆုံ

ဝူဟန် ဩဂုတ် ၂၇

တရုတ်နိုင်ငံ ဝူဟန်မြို့၌ ကျင်းပလျက်ရှိသည့် ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်ထိပ်တန်းကစားသမားများဖြစ်ကြသည့် ဆူလီဗန်နှင့် မက်ခ်ဆဲလ်ဘိုင်တို့ တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲသည် စနူကာကစားသမားများအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အရေးပါသည့်ရမှတ်များစွာရရှိသော ပြိုင်ပွဲတစ်ခုဖြစ်သောကြောင့် ကမ္ဘာ့ထိပ်တန်းစနူကာကစားသမား အများစုဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲ တတိယအဆင့်တွင် ဆူလီဗန်သည် စကော့တလန်ထိပ်တန်းစနူကာကစားသမား စတီဗင်မက်ဂွိုင်းယားနှင့်ကစားခဲ့ရာ (၅-၂) ရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့သည့် တရုတ်အိုးပင်းစနူကာပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သော မက်ခ်ဆဲလ်ဘိုင်သည်လည်း လက်ရှိပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မက်ခ်ဆဲလ်ဘိုင်သည် အဆိုပါပြိုင်ပွဲတတိယအဆင့်တွင် အိမ်ရှင်တရုတ်ကစားသမား ပန်ဂျန်းဇူကို(၅-၄) ရလဒ်ဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ လက်ရှိ ကမ္ဘာ့အဆင့်(၁) နေရာ၌ရပ်တည်နေသည့် အင်္ဂလန်ကစားသမား ဂျွန်စ် ထရန့်သည်လည်း ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ***Ref;Cue Nations***



PFA တစ်နှစ်တာနေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် ပရီးမီးယားလိဂ်ချန်ပီယံ အာဆင်နယ်အသင်းမှ ကစားသမား ငါးဦးပါဝင်

လန်ဒန် ဩဂုတ် ၂၇

ပရော်ဖက်ရှင်နယ် ဘောလုံးကစားသမားများအဖွဲ့ချုပ်(PFA)မှ ချီးမြှင့်ပေးအပ်သည့် PFA တစ်နှစ်တာ နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် ပရီးမီးယားလိဂ် လက်ရှိချန်ပီယံ အာဆင်နယ်အသင်းမှ ကစားသမားငါးဦးအထိပါဝင်လာခဲ့သည်။

ပြီးခဲ့သည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်အလိုက် တစ်ပတ်တာအကောင်းဆုံးကစားသမားဆုကို ဆန်ခါတင်ကစားသမားရှစ်ဦးရွေးချယ်ပြီးနောက် ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ စီစစ်ရွေးချယ်ခြင်းဖြစ်သည်။

PFA တစ်နှစ်တာ နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းမှ ဂိုးသမားနေရာ၌ ပြီးခဲ့သည့် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၉ ပွဲအထိ သမား ၁၁ ဦးစာရင်းတွင် အသင်းလေးသင်းမှကစားသမားများသာပါဝင်ကြပြီး အာဆင်နယ်အသင်းမှ ငါးဦး၊ မန်စီးတီးအသင်းမှ လေးဦးဖြင့်အများဆုံးပါဝင်လာကာ မန်ယူအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့မှ တစ်ဦးစီပါဝင်လာကြသည်။

PFA တစ်နှစ်တာ နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းမှ ဂိုးသမားနေရာ၌ ပြီးခဲ့သည့် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၉ ပွဲအထိ ကိုးမဝေးရအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ် ရွှေလက်အိတ်ဆုဆွတ်ခူးနိုင်ခဲ့သည့် အာဆင်နယ်အသင်းမှ ဂိုးသမားရိုင်ယာပါဝင်လာခဲ့သည်။

အလားတူ ခံစစ်ကစားသမားလေးဦးနေရာ၌ အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့မှကစားသမားများသာပါဝင်ခဲ့ပြီး အာဆင်နယ်အသင်းမှ ကစားသမားများဖြစ်ကြသည့် တင်ဘား၊ ဆလီယာ၊ ဂါဘရီရယ်တို့နှင့်အတူ PFA တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုရရှိသည့် မန်စီးတီးအသင်း မှ အိုရိုင်းလီပါဝင်လာခဲ့သည်။

အလားတူ ကွင်းလယ်ကစားသမားသုံးဦးနေရာ၌ မန်စီးတီးအသင်းမှ ရှက်ကီ၊ အာဆင်နယ်အသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ်ပါဝင်ခဲ့သည့် ဒီကလန်ရိုက်စ်နှင့် မန်ယူအသင်းနှင့်အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့် ဖာနန်ဒက်စ်ပါဝင်လာခဲ့သည်။

တိုက်စစ်ကစားသမားသုံးဦးနေရာ၌ မန်စီးတီးအသင်းမှ ကစားသမားများဖြစ်ကြသည့် ဆီမီညို၊ ဟာလန်းနှင့် ဘရန့်ဖို့ဒ်အသင်းမှ အီဂေါဝီယာဂိုတို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

Ref:B/R Football

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)၏ အကောင်းဆုံးကစားသမားဆုကို ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ကိုးလ်ပယ်မာရရှိ



လန်ဒန် ဩဂုတ် ၂၇

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)၏ အကောင်းဆုံးကစားသမားဆုကို ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ကိုးလ်ပယ်မာက ရရှိခဲ့သည်။

ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်အလိုက် တစ်ပတ်တာအကောင်းဆုံးကစားသမားဆုကို ဆန်ခါတင်ကစားသမားရှစ်ဦးရွေးချယ်ပြီးနောက် ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ စီစစ်ရွေးချယ်ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပွဲစဉ်(၁)အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ကိုးလ်ပယ်မာသည် ဟူးလ်စီးတီးအသင်းမှ ဆီမီအယ်လ်ဂျာရီ၊ မန်စီးတီးအသင်းမှ ရှက်ကီ၊ အစ်ဂျစ်အသင်းမှ အန်စီဆို၊ အာဆင်နယ်အသင်းမှ အိုဒီဂတ်၊ ရန့်ဖို့ဒ်အသင်းမှ ဆမ်ဂါရီနှင့် လီဒ်ယူနိုက်တက်အသင်းမှ အမ်တန်စတက်တို့နှင့်အတူ ပါဝင်ခဲ့ပြီးနောက် ပြိုင်ဘက်အသင်းကစားသမားကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ်ကစားခဲ့သော ချယ်လ်ဆီးအသင်းက လန်ဒန်မြို့ခံပြိုင်ဘက် ဖူလ်ဟမ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်တွင် ကိုးလ်ပယ်မာသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပွဲချိန်တစ်မိနစ်တွင်သွင်းယူနိုင်ခဲ့သည့် အသင်းဖော် ဂျာအိုပက်ဒရိ၏သွင်းဂိုးကို ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်သကဲ့သို့ ပွဲချိန် ၄၉ မိနစ်တွင်လည်း အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ပြီးနောက် အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆု (Player of the Match)ကို ဆွတ်ခူးနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)၏အကောင်းဆုံးကစားသမားဆုအတွက် ပရိသတ်များမဲပေးမှုတွင် ကိုးလ်ပယ်မာအနေဖြင့် အာဆင်နယ်အသင်း ခေါင်းဆောင် အိုဒီဂတ်ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အိုဒီဂတ်သည်လည်း ပွဲစဉ်(၁)အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းက ကိုဗင်ထရီအသင်းကို ၃ ဂိုး-၀ ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ပွဲချိန် ၄၉ မိနစ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း မဲရာခိုင်နှုန်း ၂၂ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း သိရသည်။ ***Ref:Premierleague.com***

ဂရန်းတာဝါစက်ဘီးစီးပြိုင်ပွဲတွင် အသက်အငယ်ဆုံးချန်ပီယံအဖြစ် မက်သရူးဘရန်နန် မှတ်တမ်းဝင်

မက်ဒရစ် ဩဂုတ် ၂၇

ဗြိတိန်လူငယ်စက်ဘီးစီးကစားသမား မက်သရူးဘရန်ရန်နန်သည် စပိန်နိုင်ငံ၌ကျင်းပသည့် ဂရန်းတာဝါစက်ဘီးစီးပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ပြီးနောက် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံးချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၂၁ နှစ်သာရှိသေးသည့် မက်သရူးဘရန်နန်သည် ဂရန်းတာဝါစက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပထမဆုံးပြိုင်ပွဲတွင်ပင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဂရန်းတာဝါစက်ဘီးစီးပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံးချန်ပီယံအဖြစ် ၂၀၀၈ ခုနှစ်က အီတလီနိုင်ငံ၌ကျင်းပခဲ့သည့် ဂရန်းတာဝါစက်ဘီးစီးပြိုင်ပွဲတွင် အီတလီစက်ဘီးစီးကစားသမား မက်ကာဗန်ဒက်က အသက် ၂၂ နှစ်ဖြင့် မှတ်တမ်းဝင်ခဲ့ခြင်းကို ယခုအခါ မက်သရူးဘရန်နန်က အသက် ၂၁ နှစ်ဖြင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

မက်သရူးဘရန်နန်သည် အသင်းဖော်များဖြစ်သည့် ဝုဒ်ဗန်အက်၊ လာပေါ်တီတို့နှင့်အတူ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုကိုရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref:TNT Sports

VALENCY KM COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၆)ရက် ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် VALENCY KM COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ငွေးငွေးမာ(B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်–00178)(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်–103820)အား ခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ငွေးငွေးမာထံသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့အထိ ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Myo Min
Director
VALENCY KM
COMPANY LIMITED

Daw Htay Htay Mar
Insolvency Practitioner
(B.Com, CPA)
25–B, 5th Floor, Zalun Street, Sanchaung Township, Yangon.

DEZHILI "DZL" COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက် ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် DEZHILI "DZL" COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ငွေးငွေးမာ(B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်–00178)(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်–103820)အား ခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ငွေးငွေးမာထံသို့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၁)ရက်နေ့အထိ ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Soe Oakkar Lwin
Director
DEZHILI "DZL"
COMPANY LIMITED

Daw Htay Htay Mar
Insolvency Practitioner
(B.Com, CPA)
25–B, 5th Floor, Zalun Street, Sanchaung Township, Yangon.

ပျောက်ဆုံးကြောင်း

အောင်သူရစိုး(ဘ)ဦးစိန်တုတ် ၁၀/ကထန(နိုင်)၁၉၇၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၀၈၂

ပျောက်ဆုံးကြောင်း

ဇော်ရဲအောင်(ဘ)ဦးသန်းအောင် ၅/ကလဝ(နိုင်)၀၆၄၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၉၈၇၁၆၁

ပျောက်ဆုံးကြောင်း

နေဒ်အယ်ဖော(ဘ)စောမယ်ကယ်၇/ကကန(နိုင်)၀၈၉၁၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၈၆၂၄၁

ပျောက်ဆုံးကြောင်း

မြင့်မြင့်စန်း(ဘ)ဦးကျော်သောင်း ၉/အမရ(နိုင်)၁၀၄၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၃၂၄၁၁၆

ပျောက်ဆုံးကြောင်း

ဝင်းနိုင်အောင်(ဘ)ဦးမောင်လှ၁၂/ဒဂမ(နိုင်)၀၁၂၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၀၂၀၂၃၀

ပျောက်ဆုံးကြောင်း

ကျင်ကျင်အေး(ဘ)ဂေါဘာလူး ၁၂/သလန(ပြု)၀၀၆၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 350788)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၈၄၄၇

ပျောက်ဆုံးကြောင်း

ခင်မောင်ဖြိုး(ဘ)ဦးတင်မြင့် ၁၄/မအပ(နိုင်)၂၇၁၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၂၆၇၆၀

ပျောက်ဆုံးကြောင်း

အောင်နိုင်လင်း(ဘ)ဦးပေါက်စ ၈/အလန(နိုင်)၁၉၂၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၈၃၃၀၅၃

ပျောက်ဆုံးကြောင်း

ဝိုစိန်နေလင်း(ဘ)ထန်ဇာတွောင် ၁၃/လရန(နိုင်)၁၀၃၇၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၅၇၉၁၆၀

ပျောက်ဆုံးကြောင်း

လင်းလင်းထွန်း(ဘ)ဦးမြင့်လွင် ၁၄/ဟကက(နိုင်)၀၃၆၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 518842)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၅၂၉၇၃၃၀

ပျောက်ဆုံးကြောင်း

ဖုစုဌေး(ဘ)ဦးမြင့်ဝေ ၈/ခမန(နိုင်)၁၀၂၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၄၄၄၉၉၁၀

ပျောက်ဆုံးကြောင်း

သိန်းကျော်ဝင်း(ဘ)ဦးမြင့်ရွှေ ၈/ခမန(နိုင်)၂၃၇၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၆၈၈၅၅

ပျောက်ဆုံးကြောင်း

ခင်မောင်ထွန်း(ဘ)ဦးတင်မြင့် ၁၄/မအပ(နိုင်)၂၇၁၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၆၇၆၀

ပျောက်ဆုံးကြောင်း

နင်းစံပယ်လှိုင်(ဘ)ဦးအောင်ဌေး ၇/ဝမန(နိုင်)၁၉၃၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၅၀၇၈၀၀

ပျောက်ဆုံးကြောင်း

မိယုဇနခိုင်(ဘ)ဦးယုကြည် ၃/ဘအန(နိုင်)၂၇၇၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၃၇၈၄၁

ပျောက်ဆုံးကြောင်း

အောင်မြဲ(ဘ)ဦးမြင့်စိုး ၁၄/ဘကလ(နိုင်)၄၂၀၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၉၁၁၁၆၈

ပျောက်ဆုံးကြောင်း

ထက်ထက်ဆုဝန်(ဘ)ဦးကျင်ထင်း ၁၂/တတန(နိုင်)၀၀၅၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၅၂၅၁၇၆

ပျောက်ဆုံးကြောင်း

ဒေါ်သဲငုဝါ(ဘ)ဦးတင်မြင့် ၁၂/အစန(နိုင်)၁၈၄၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၈၁၅၃၀

ပျောက်ဆုံးကြောင်း

အေးအေးမြင့်(ဘ)ဦးမြင့်သိန်း ၉/ရမသ(နိုင်)၂၃၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၀၇၉၂၄၉

ပျောက်ဆုံးကြောင်း

နေ့တာဂေးဖော(ဘ)စောအယ်ဂေး ၁၄/ကကန(နိုင်)၁၅၆၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK I140717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

တင်တင်ဝင်း(ဘ)ဦးတွက် ၁၂/ဒုကမ(နိုင်)၀၁၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဖြည့်ဖြိုးအောင်(ဘ)ဦးစန်းရင် ၉/နထက(နိုင်)၁၇၇၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 299862)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၅၅၉၁၆၀

ပျောက်ဆုံးကြောင်း

နီနီဝင်းထက်(ဘ)ဦးမြဖိုး ၁၄/ညတန(နိုင်)၂၅၉၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၈၄၄၇

ပျောက်ဆုံးကြောင်း

ဝင်းနိုင်အောင်(ဘ)ဦးမောင်လှ၁၂/ဒဂမ(နိုင်)၀၁၂၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၀၂၀၂၃၀

ပျောက်ဆုံးကြောင်း

ချစ်စုဝေ(ဘ)ဦးဝင်းမြင့် ၅/မကန(နိုင်)၁၀၂၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၄၇၇၀၇၇

ပျောက်ဆုံးကြောင်း

ထန်အစ်ကိမ်(ဘ)ဦးဟောက်ခန့်ဒါလ် ၄/တတန(နိုင်)၁၁၀၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၄၇၇၀၇၇

ပျောက်ဆုံးကြောင်း

ထက်ထက်ဆုဝန်(ဘ)ဦးကျင်ထင်း ၁၂/တတန(နိုင်)၀၀၅၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၅၂၅၁၇၆

ပျောက်ဆုံးကြောင်း

ဒေါ်သဲငုဝါ(ဘ)ဦးတင်မြင့် ၁၂/အစန(နိုင်)၁၈၄၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၈၁၅၃၀

ပျောက်ဆုံးကြောင်း

ခင်နှင်းသက်(ဘ)ဦးကျင်ဝင်း ၁၂/ကမန(နိုင်)၁၀၁၇၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၀၃၃၃၃၀

ပျောက်ဆုံးကြောင်း

ခင်ဝင်းမော်(ဘ)ဦးတင်လှိုင် ၁၂/ကမန(နိုင်)၀၆၈၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၉၉၉၁၅၅

ပျောက်ဆုံးကြောင်း

စိမ်းမြမြမိုး(ဘ)ဦးကျော်ဦး ၁၂/ဥကတ(နိုင်)၂၀၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၄၉၆၈၃၃၆

ပျောက်ဆုံးကြောင်း

ချမ်းမြေမိုင်(ဘ)ဦးတင့်ဆွေ ၁၃/တကန(နိုင်)၃၇၅၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ခင်သန္တာမျိုးဦး(ဘ)ဦးလှမျိုးဦး ၁၂/ကခက(နိုင်)၁၂၀၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 219667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၀၅၃၅၇

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.ထ.က ပိန်းဇလုပ်၊ G–12 မှ မခင်ထိုက်သူစု၏ မိခင်အမည်မှန်မှာ ဒေါ်မျိုး ၇/ညလပ(နိုင်)၂၂၁၂၂ ဖြစ်ပါကြောင်း။
ဒေါ်မျိုး

ပျောက်ဆုံးကြောင်း

မြမြသိန်း(ဘ)ဦးမြအောင် ၉/မခန(နိုင်)၂၄၆၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၂၄၇၅၆

ပျောက်ဆုံးကြောင်း

အေးချမ်းအောင်(ဘ)ဦးမျိုးဇင်လတ် ၁၂/လကန(နိုင်)၂၇၀၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၉၈၀၀၉၂

ပျောက်ဆုံးကြောင်း

ခိုင်ခိုင်ကျော်(ဘ)ဦးကျော်မြင့် ၁၂/ဥကမ(နိုင်)၁၇၃၉၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၅၆၆၆၇၃

ပျောက်ဆုံးကြောင်း

ကြည်(ခ)နီဒဘီ(ဘ)ဦးမာမက်၁၄/မမက(နိုင်)၀၀၅၆၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၅၀၄၅၅၄

ပျောက်ဆုံးကြောင်း

နန်းလောင်မွေး(ဘ)ဦးအိုက်စိုး ၁၃/မငန(နိုင်)၀၀၀၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၁၄၅၂၇၅၁၇

ပျောက်ဆုံးကြောင်း

ကြယ်ဝင်းမောင်(ဘ)ဦးဘုန်းအောင် ၁၄/ဒဂန(နိုင်)၁၂၀၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

ဝင်းဝင်းထွန်း(ဘ)ဦးမြင့်လွင် ၁၄/ဟကက(နိုင်)၀၃၆၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 518842)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၅၂၉၇၃၃၀

ပျောက်ဆုံးကြောင်း

ဖုစုဌေး(ဘ)ဦးမြင့်ဝေ ၈/ခမန(နိုင်)၁၀၂၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၄၄၄၉၉၁၀

ပျောက်ဆုံးကြောင်း

ဒေါ်သဲငုဝါ(ဘ)ဦးတင်မြင့် ၁၂/အစန(နိုင်)၁၈၄၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၈၁၅၃၀

ပျောက်ဆုံးကြောင်း

ခင်နှင်းသက်(ဘ)ဦးကျင်ဝင်း ၁၂/ကမန(နိုင်)၁၀၁၇၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၀၃၃၃၃၀

ပျောက်ဆုံးကြောင်း

ပိုင်ဖြိုးတင့်(ဘ)ဦးမျိုးတင့် ၁၂/ဒလန(နိုင်)၁၁၀၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၁၁၁၁၃၃၃

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.ထ.က ပိန်းဇလုပ်၊ G–12 မှ မောင်ချမ်းမြေကို၏ မိခင်အမည်မှန်မှာ ဒေါ်မာအေး ၇/ညလပ(နိုင်)၁၉၁၇၂၃ ဖြစ်ပါကြောင်း။
ဒေါ်မာအေး

ပျောက်ဆုံးကြောင်း

စောအေးမြင့်မောင် (ဘ)ဦးငွေးလင်း ၃/သတက(နိုင်)၀၂၁၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၀၇၇၇

ပျောက်ဆုံးကြောင်း

အေးအေးမိုး(ဘ)ဦးတင်စိုး ၁၂/ဗဟန(နိုင်)၀၅၀၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၃၈၀၀၈

ပျောက်ဆုံးကြောင်း

ရန်ရင်ရင်(ခ)ညီညီအောင်(ဘ)ဦးရန်ရီယိန်(ခ)အောင်သန်း ၁၃/လရန(ဧည့်)၀၀၀၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၄၅၀၄၅၄၅၄

ပျောက်ဆုံးကြောင်း

ကြယ်ဝင်းမောင်(ဘ)ဦးစံတင် ၇/ဒဥန(နိုင်)၁၄၆၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၃၅၂၃၀၀၇၉

ပျောက်ဆုံးကြောင်း

အေးဌေးမြင့်(ဘ)ဦးမောင်စိန့် ၇/နတလ(နိုင်)၀၄၃၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၆၀၆၄၈၈

ပျောက်ဆုံးကြောင်း

နော်ဂေဘလုဖော(ဘ)ဦးဖိုးဆစ် ၂/ဒမဆ(နိုင်)၀၅၂၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.ထ.က ပိန်းဇလုပ်၊ G–12 မှ နော်ဂေးကလိုမူး၏ ဖခင်အမည်မှန်မှာ စောဖားလား ၇/ညလပ(နိုင်)၀၃၁၄၃၂ ဖြစ်ပါကြောင်း။
စောဖားလား

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်မြမြသိန်း အသက်(၇၈)နှစ်

အမှတ်(၃၂)၊ ရတနာသီရိလမ်း၊ (၇)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီးနေ (ဦးကျော်ထင်–ဒေါ်မြအေး)တို့၏သမီး၊ အမှတ်(၄၃)ကမ်းရိုးတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးလှကျော်–ဒေါ်ညိုမ)တို့၏ချွေးမ၊ ဗိုလ်မှူးကြီးသက်ထွန်းဦး–ဒေါက်တာအေးမြသန္တာ၊ ဒုတိယဗိုလ်မှူးကြီးနိုင်စိုး–ဒေါ်မေသော်တာမောင်၊ ဦးစည်သူအောင်–ဒေါ်ဇင်မာသန်းတို့၏မိခင်၊ မောင်ဟိန်းထက်အောင်၊ မကြယ်စင်မြင့်မိုရ်၊ မကံ့ကော်ရွှေရည်စိုး၊ မောင်လင်းလက်မှူးသော်၊ မသဒ္ဒါအိမ့်သူ၊ မသုဇွန်အိမ့်သူတို့၏ချစ်လှစွာသောအဘွား၊ ဦးမောင်မောင်စိန်၏ချစ်လှစွာသောဇနီး ဒေါ်မြမြသိန်းသည် ၂၇-၈-၂၀၂၆ ရက်(ကြာသပတေးနေ့)နံနက် ၀၄:၂၅ နာရီခန့်တွင် ပြင်ဦးလွင်မြို့၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၂၆ ရက်(စနေနေ့)မွန်းလွဲ ၁၃:၀၀ နာရီတွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

အလိမ္မာစာမှာရှိ



ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကြော်ငြာစာအမှတ်(၁/၂၀၂၆)
(၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလို ရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၅။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈
ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၅၉
မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ဒုတိယဦးစီးမှူးရာထူး(၁၅)နေရာအတွက်
စာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာခြင်း

၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ၅-၆-၂၀၂၆ ရက်နေ့၌ မြန်မာ့အလင်းနှင့် မြဝတီသတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့သော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၁၅)နေရာအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့်ခုံအမှတ်များအား ဌာန၏ website:www.frd.gov.mm နှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ကြော်ငြာသင်ပုန်းတို့တွင် ၂၈-၈-၂၀၂၆ ရက်နေ့မှစ၍ ကြေညာထားမည်ဖြစ်ပါသဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၂၄၂ သို့ လည်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ရေးဖြေစာမေးပွဲဖြေဆိုရမည့်နေ့ရက်နှင့် ဖြေဆိုရမည့်နေရာအား အထက်ဖော်ပြပါ Website နှင့် ကြော်ငြာသင်ပုန်းတို့တွင် ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မြန်မာနိုင်ငံမြေြဧာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း
၂၀၂၆-၂၀၂၈ ခုနှစ် သက်တမ်းအမှုဆောင်အသစ်များ ရွေးချယ်နိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည့်နေ့ရက်ကြေညာခြင်း

မြန်မာနိုင်ငံမြေြဧာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ၂၀၂၆-၂၀၂၈ ခုနှစ် သက်တမ်းအမှုဆောင်အသစ်များ ရွေးချယ်နိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ပွဲကို ၂၉-၉-၂၀၂၆ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများ ပါဝင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၈၃၃၃၃၃၈၊ ၀၉-၉၈၈၅၃၉၃၆၀ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ မြေြဧာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ပျောက်ဆုံးကြောင်း

အုတ်တွင်းမြို့နယ်၊ နတ်စဉ်ကုန်းကျေးရွာအုပ်စု၊ ကွမ်းသီးခြံရွာနေ တင်ဇော်(ဘ)ဦးမောင်ညွှန့် ၇/အတန(နိုင်)၁၇၃၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၄၄၀၄၂၆

မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၄)ကျိုင်းတုံကျောင်း Grade-12 မှ အဘ ဦးရဲလိုဏ်သမီး မသန်းမွေး ၁၃/မပတ(နိုင်)၀၆၀၁၄၃ ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၂-၂၀၀၄ ဖြစ်ပါကြောင်း။ ၄-၁၂-၂၀၀၄

ပျောက်ဆုံးကြောင်း

ဖြူဖြူနိုင်(ဘ)ဦးမြင့်စိန် ၇/ပခန(နိုင်) ၄၉၀၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 532972)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၆၈၈၂၃၀

တစ်ဦးတည်းနှင့်မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရုပ်ကွက်၊ ရေနီလမ်းနေ အဘ ဦးသိန်းဦး၏သား ခွန်ကျော်အေးနှင့် ခွန်မောင်အေး ၅/အရတ(နိုင်)၂၀၂၆၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။
ခွန်ကျော်အေး(ခ)ခွန်မောင်အေး၊ ၂၆-၁၂-၂၀၀၆

ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အ.ထ.က(၃) Grade-12 ၌ ပညာသင်ကြားနေသော ၉/ပဗသ(နိုင်)၀၃၈၂၄၄ ကိုင်ဆောင်သူ မဝင်းလွဲဖြူ၏ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ဖြစ်ပါကြောင်း။
ဦးတင်မောင်ဝင်း

မိခင်အမည်မှန်

ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၄)ကျိုင်းတုံကျောင်း Grade-12 မှ မနာမော့၏မိခင်အမည်မှန်မှာ ဒေါ်တိုမီး ၁၃/တတန(နိုင်)၀၀၂၉၈၉ ဖြစ်ပါကြောင်း။
ဒေါ်တိုမီး

ပျောက်ဆုံးကြောင်း

သော်တာဦး(ဘ)ဦးလှမြင့် ၁၂/တကန(နိုင်) ၁၇၃၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဝဝန်ကျန်းသာ(၇)လမ်းနေ ဦးဝင်းကျော်မြင့်(ဘ)ဦးမြင်း(ခ)ဦးဇော်ဝင်း ၁၄/ပသန(နိုင်)၂၁၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၄၈၄၆၆

ပျောက်ဆုံးကြောင်း

အေးအေးစန်း(ဘ)ဦးမောင်ဝင်း ၁၂/မဂဒ(နိုင်)၀၁၄၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၅၆၃၃၄

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.ထ.က ပိန်းဇလုပ်၊ G-12 မှ မနော်ဆုကေရီဆိုင်း၏ မိဘအမည်မှန်မှာ စောဇော်ဆိုင်း ၇/ရကန(နိုင်)၀၄၀၀၉၉ နှင့် နော်ပဲပါယ်ဖေါ ၇/ရကန(နိုင်)၀၅၁၂၁၀ ဖြစ်ပါကြောင်း။
စောဇော်ဆိုင်း-နော်ပဲပါယ်ဖေါ

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.ထ.က ပိန်းဇလုပ်၊ G-12 မှ စောသက်မင်းမြတ်ထွန်း၏ မိဘအမည်မှန်မှာ စောသိန်းနိုင်ထွန်း ၇/ညပလ(နိုင်)၁၅၉၈၁၂ နှင့် နော်သက်သက်မြိုင် ၇/ညလပ(နိုင်)၁၀၉၉၁၉ ဖြစ်ပါကြောင်း။
စောသိန်းနိုင်ထွန်း-နော်သက်သက်မြိုင်

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.ထ.က ပိန်းဇလုပ်၊ G-12 မှ နော်လေးဒရယ်ဖေါ၏ မိဘအမည်မှန်မှာ စောမောင်မြင့် ၇/ကကန(နိုင်)၀၃၅၀၇၀ နှင့်နော်ဖဲထူး ၇/ညလပ (နိုင်)၁၀၈၉၄၁ ဖြစ်ပါကြောင်း။
စောမောင်မြင့်-နော်ဖဲထူး







အင်းဝတဏ်လီမိတက် တက်ခွဲပေါင်း (၎၆)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ (MONEY CHANGER COUNTER)(၀၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်	အင်းဝဘဏ်လီမိတက်(ရန်ကုန်)	အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂	ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂	ဖုန်း - ၀၂၄၀၃၆၅၇၇၊ ၄၂၄၅၉၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) (၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များဆက်လက်ကျင်းပ

နေပြည်တော် ၂၇ ရက်

မျိုးဆက်သစ် ပိုက်ကျော်ခြင်းအားကစားသမားများပေါ်ထွက်လာစေရန်နှင့်ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (A)၌ ဆက်လက်ကျင်းပရာ ယနေ့တွင် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) (၃) ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ▲▲

ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် ၂၇ ရက်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ်လ ၂၅ ရက်

စာမျက်နှာ ၂၃ ကော်လံ ၁ ◆

သာစည်မြို့နယ်တွင် ငွေကျပ် ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၅ သန်းကျော် ဖမ်းဆီးရမိ



ဖွန်ရဲတွဲ၌(၁)ရဲတွဲ၌ (ဖမ်းဆီးရန်ကျန်)

တရားခံ တိုးတက်အောင်နှင့် ထက်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ၂၇ ရက်

သာစည်မြို့နယ်တွင် ငွေကျပ် ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၅သန်းကျော်ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၂ ရက်

စာမျက်နှာ ၂၅ ကော်လံ ၄ ▲

M League 2026 - 2027 ပထမအကျော့၏ ပွဲစဉ်(၁)ပြိုင်ပွဲများ ဩဂုတ်လ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် ၂၇ ရက်

M League 2026–2027 ရာသီသစ်ရဲ့အဖွင့်ပွဲစဉ် ပထမအကျော့ပွဲစဉ်(၁)၏ပထမနေ့ ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့**(ယနေ့)**တွင်စတင်ကျင်းပမည်ဖြစ်ပြီး ချင်းလန်းအသင်းနှင့် ရတနာပုံအသင်းတို့သည် လှိုင်မြို့နယ်ရှိ YUSC ကွင်း၌လည်းကောင်း၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့သည် သန်လျင်မြို့ရှိ သီဟဒီပကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁)၏ဒုတိယနေ့ပြိုင်ပွဲကို ဩဂုတ်လ ၂၉ ရက်တွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က သန်လျင်မြို့ရှိ သီဟဒီပကွင်း၌လည်းကောင်း၊ ဧရာဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့က ပုသိမ်မြို့ရှိကျောက်တိုင်ကွင်း၌လည်းကောင်းယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တတိယနေ့ပြိုင်ပွဲကို ဩဂုတ်လ ၃၀ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့သည် လှိုင်မြို့နယ်ရှိ YUSC ကွင်း၌လည်းကောင်း၊ ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည်

စာမျက်နှာ ၂၅ ကော်လံ ၄ ▼▼

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်ဦးမြို့နယ်၊ ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်

စာ - ၂၄ သို့

လူမှုကွန်ရက်ပေါ်တွင် လိင်တူအချင်းချင်းချစ်ကြိုက်သည့် BL(Boys' Love), GL (Girls' Love) စာအုပ်များကြော်ငြာရောင်းချနေသည့် Facebook Page များအား အသိပေးကြေညာခြင်း

စာ - ၂၆ သို့

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နေပြည်တော် ၂၇ ရက်

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

စာမျက်နှာ ၂၃ ကော်လံ ၁ ➤

